# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရိုခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၀၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇန်နဝါရီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ ကမ္ဘောဒီးယားဝန်ကြီးချုပ်အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကမ္ဘောဒီးယားဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်း၏ ရည်ရွယ်ချက်၊ စကျင်ကျောက်တော်ကြီးအား


*စာမျက်နှာ ၃ ကော်လံ ၁* ❖




ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နေပြည်တော်ရှိ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ပုံစံအတိုင်း ပြုလုပ်ပုံဖော်ထားသည့် ဥယျာဉ်တော်အကွက်ချပုံစံငယ်များအား ကြည့်ရှုလေ့လာစဉ်။


**ယနေ့ ဖတ် စ ရာ**

အမေရိကန်၌ အလုပ်လက်မဲ့နှုန်းမှာ ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှ စတင်ကာ အနိမ့်ဆုံးဖြစ် — နိုင်ငံတကာသတင်း စာ - ၁၃

အမျိုးသားစာပေဆု၊ တစ်သက်တာဆုရှင် (စာရေးဆရာ) ဆုရ ဆရာဖိုးကျော့၏ စာပေ အနုပညာရှင်ဘဝ — ဆောင်းပါး စာ - ၁၆

ပူပြင်းရာသီရောက်လာမည် ရေကိုချွေတာဖို့ လိုသည် — ဆောင်းပါး စာ - ၂၀

# ပြည်ပအလုပ်အကိုင်ဈေးကွက်အတွက် ကျွမ်းကျင်မှုမြှင့်တင်၊ အသိပညာပေး

မြန်မာနိုင်ငံသည် အာဆီယံအလုပ်သမားဈေးကွက်တွင် အလုပ်သမားဦးရေအများဆုံး ပို့လွှတ်နေသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ အများဆုံး သွားရောက်ကြသည့် နိုင်ငံများတွင် ထိုင်းသို့ ၇၀ ရာခိုင်နှုန်း၊ မလေးရှားသို့ ၁၅ ရာခိုင်နှုန်းနှင့် စင်ကာပူ၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့သို့ ၁၅ ရာခိုင်နှုန်း သွားရောက်ကြသည်။ သို့ရာတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ ၈၀ ရာခိုင်နှုန်းမှာ အခြေခံပညာအလယ်တန်းအဆင့်သာရှိကြပြီး လုပ်ငန်းကျွမ်းကျင်မှုလည်း မရှိသလောက်နည်းပါးကြသည့်အတွက် အဆင့်နိမ့်အလုပ်အကိုင်များကိုသာ လုပ်ကြရသည်ဟု သိရသည်။

မိမိတို့နိုင်ငံသားများ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီနှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ ၃၀၀ ကျော်တို့က ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် အရှေ့အလယ်ပိုင်းနိုင်ငံအချို့သို့ အလုပ်သမားများ စေလွှတ်ပေးလျက်ရှိသည်။

ပြည်ပအလုပ်သမားဈေးကွက်သို့ အလုပ်သမားများ စေလွှတ်ရာတွင် နည်းပညာများဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်ဖြစ်သည့်အလျောက် လုပ်ငန်းခွင်အလုပ်လုပ်ကိုင်မှုများ ခေတ်နှင့်အညီ ပြောင်းလဲမှုကို လိုက်ပါလုပ်ကိုင်နိုင်သည့် ကျွမ်းကျင်မှုမျိုးရှိပါက အလုပ်သမားအတွက် ပိုမိုမြင့်မားသည့် လုပ်ခလစာရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံအတွက်လည်း ပြည်ပဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်သည်။ ခေတ်မီတိုးတက်ပြောင်းလဲလာသည့် နည်းပညာများနှင့် လုပ်ငန်းသုံးစက်ကိရိယာများကို ကျွမ်းကျင်မှုမရှိပါက ကြာလေလေ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလေလေအခြေအနေသို့ ရောက်ရှိသွားနိုင်သည်။

ပြည်ပအလုပ်သမားဈေးကွက်သို့ ကျွမ်းကျင်အလုပ်သမားများ စေလွှတ်ပေးနိုင်ရန်မှာ လိုအပ်သည့်ကျွမ်းကျင်မှုအဆင့်သို့ စံချိန်မီရောက်ရှိစေရန်အတွက် လေ့ကျင့်သင်ကြားမှုများ အချိန်ယူပြုလုပ်နိုင်ရန် လိုအပ်ပြီး လုပ်ငန်းအမျိုးအစားအလိုက် စံနှုန်းသတ်မှတ်ခြင်း၊ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ကျွမ်းကျင်မှုရှိမရှိ စစ်ဆေးခြင်း၊ ကျွမ်းကျင်အဆင့် အသိအမှတ်ပြုခြင်းတို့ ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ လူသားအရင်းအမြစ်တန်ဖိုးကို မြှင့်တင်ပေးနိုင်ရာ ပြည်ပအလုပ်အကိုင်ဈေးကွက်ကို မျှော်မှန်း၍ ယင်းကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံမှု ပြုလုပ်သင့်သည်သာ ဖြစ်သည်။

လက်ရှိအခြေအနေတွင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုဖြစ်ပွားလျက်ရှိခြင်းကြောင့် ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများမှာလည်း တရားဝင်လမ်းကြောင်းမှ သွားရောက်ခြင်းထက် တရားမဝင်လမ်းကြောင်းများမှ သွားရောက်ကြခြင်းကြောင့် တစ်ဖက်နိုင်ငံများတွင် ဖမ်းဆီးထိန်းသိမ်းခံနေကြရသည့်အခြေအနေများကို တွေ့မြင်နေရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါက ဗီဇမျိုးကွဲသစ်များ ပေါ်ပေါက်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကူးစက်မှုများ ဖြစ်ပေါ်နေသည့်အတွက် ပြည်ပအလုပ်အကိုင်များမှာလည်း ကမောက်ကမအခြေအနေမျိုး ဖြစ်ပေါ်လျက်ရှိသည်။

ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ်သွားရောက်အလုပ်လုပ်ကိုင်ကြခြင်းမှာ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းနှင့် ပြည်ပအလုပ်အကိုင်များ၏ လုပ်ခလစာ ပိုမိုများပြားမှုက ဆွဲဆောင်ခြင်းတို့ကြောင့်ဖြစ်သည်။ ယင်းသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရာတွင်လည်း အများစုက ပြည်ပအလုပ်အကိုင်ပွဲစားများမှတစ်ဆင့် တရားမဝင်နည်းလမ်းများဖြင့် သွားရောက်ကြပြီး အဆင့်နိမ့်အလုပ်များကို လုပ်ကိုင်ကြခြင်းဖြစ်ရာ တရားမဝင်ရွှေ့ပြောင်း အလုပ်သမားများမှာ ခေါင်းပုံဖြတ်ခံကြရခြင်း၊ အခွင့်အရေးများချိုးဖောက်ခံရခြင်း၊ တစ်ဖက်နိုင်ငံမှ ဥပဒေအရ အရေးယူဖမ်းဆီးခံရခြင်းစသည့် ထိခိုက်နစ်နာမှုများစွာ ခံစားကြရသည်။ သို့ဖြစ်ရာ ပြည်ပသို့ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများနှင့် အသိပညာပေးသင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ပြုလုပ်ပေးသွားရန် လိုအပ်သည်ဟု ရှုမြင်မိသည်။

မိမိတို့နိုင်ငံတွင် အလုပ်လုပ်ကိုင်နိုင်သည့်အရွယ် လူဦးရေအချိုးအဆမြင့်မားသော်လည်း အများစု၏ ပညာရေးရေချိန်မှာ အလယ်တန်းမျှသာ ဖြစ်နေသည်။ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာပြီး စီးပွားရေးအခြေအနေ မြင့်မားလာမှသာ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မှု အထိုက်အလျောက် လျော့ကျလာနိုင်မည်ဖြစ်သည်။ သို့ဖြစ်သည့်အတွက် ပြည်ပအလုပ်အကိုင်များအတွက် သွားရောက်လုပ်ကိုင်မည့်သူများမှာ ဆက်လက်ထွက်ခွာနေကြဦးမည်သာဖြစ်ရာ ၎င်းတို့အား ကျွမ်းကျင်မှုများမြှင့်တင်ပေးခြင်း၊ တရားဝင်သွားရောက်ရန် ပညာပေးခြင်းဖြင့် အလုပ်သမားတို့အကျိုး၊ နိုင်ငံ့အကျိုး တိုးတက်မြင့်မားပါစေကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ပါမောက္ခဒေါက်တာအေဘီ ပါမောက္ခချုပ် | ဒုတိယပါမောက္ခချုပ်(စီမံ) အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး) ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေး ဝန်ကြီးဌာန | အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး) ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေး ဝန်ကြီးဌာန |
| (ခ) | ဦးအောင်ကျော်မိုး ဒုတိယညွှန်ကြားရေး မှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ပြန်လည်ထူထောင်ရေး ဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |

# မိုးညှင်းတက္ကသိုလ်၌ ၂၀၁၉-၂၀၂၀ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ပညာသင်နှစ် နေ့သင်တန်းများဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိ

**မိုးညှင်း ဇန်နဝါရီ ၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းတက္ကသိုလ်၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် နေ့သင်တန်းများကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းသားကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေးကဏ္ဍကို နိုင်ငံတကာနှင့်အညီ အဆင့်မြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၆ ရက်နေ့မှ စတင်၍ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် နေ့သင်တန်းများကို ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များကို တစ်ပြိုင်နက်တည်း ဖွင့်လှစ်ပေးခဲ့ရာ မိုးညှင်းခရိုင် မိုးညှင်းတက္ကသိုလ်တွင်လည်း ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်သည်။

မိုးညှင်း တက္ကသိုလ်တွင် နေ့သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရာ၌ ဇန်နဝါရီ ၇ ရက်အထိ ဂုဏ်ထူးတန်း တတိယနှစ်တွင် ၁၁ ဦး၊ မဟာအရည်အချင်းစစ်သင်တန်းတွင် သုံးဦးနှင့် မဟာဘွဲ့သင်တန်း ပထမနှစ်တွင် ၁၆ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၃၀ တို့က သက်ဆိုင်ရာ ဘာသာရပ်များအလိုက် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိပြီး ကျောင်းအပ်နှံရန် ကျန်ရှိနေသေးသည့် ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်နှံခြင်းများ ဆက်လက် လက်ခံပေးလျက်ရှိကြောင်း သိရသည်။

**ဖွဲ့သူရအောင်(ပြန်/ဆက်)**



## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၈-၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 2 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 3 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 4 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 5 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 6 | Injection– Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 7 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 8 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 9 | Injection Enoxaprim 40 mg | 1 Pre– Filled Syringe | 7000 | Nyi Lay Naing |
| 10 | Injection Enoxaprim 60 mg | 1 Pre– Filled Syringe | 9000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

❖ *ရှေ့ဖုံးမှ*

အဆင့်ဆင့် တူးဖော်ခြင်းနှင့် အပိုင်းလိုက် သယ်ယူနိုင်ရေး ဆောင်ရွက်ခဲ့မှု၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒခံယူ၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာဋီကာ ကျမ်းစာများကို စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးပူဇော်မည့် အခြေအနေများနှင့် ဂန္ဓကုဋိတိုက်များ၊ ဓမ္မာရုံများ၊ မော်ကွန်းတိုက်များ၊ သုဓမ္မာဇရပ်၊ မုစလိန္ဒအိုင်၊ မင်္ဂလာတံတားနှင့် ရေပန်းများကို ရတနာပုံခေတ်လက်ရာများအတိုင်း ထည့်သွင်းတည်ဆောက်၍ မြန်မာ့အနုပညာလက်ရာစုံလင်စွာဖြင့် ဗိသုကာလက်ရာမြောက်အောင် ထည့်သွင်းတည်ဆောက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နေပြည်တော်ရှိ “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ပုံစံအတိုင်း ပြုလုပ်ပုံဖော်ထားသည့် ဥယျာဉ်တော် အကွက်ချပုံစံငယ်များအား ကြည့်ရှုလေ့လာစဉ်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မာရဝိဇယကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ပုံစံအတိုင်း ပြုလုပ်ပုံဖော်ထားသည့် ဥယျာဉ်တော်အကွက်ချပုံစံငယ်များ၊ ရုပ်ပွားတော်ကြီးပုံစံငယ်များ၊ ပိဋကတ်ကျောက်စာရုံနှင့် ကျောက်စာနမူနာများ၊ ရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်များ နေရာချထားမှုနှင့် CNC Machine များဖြင့် ထုဆစ်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နေပြည်တော် ဗုဒ္ဓဥယျာဉ်တော်အတွင်း ထားရှိမည့် ပိဋကတ်ကျောက်စာရုံနှင့် ကျောက်စာနမူနာများကို ကြည့်ရှုလေ့လာစဉ်။

# ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇန်နဝါရီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ အလုပ်သဘောခရီးစဉ်အဖြစ် ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHHOUK Bunna နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံသို့ လာရောက်သည့် အလုပ်သဘောခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ တက်ရောက်ခြင်းများပြုလုပ်ခဲ့ပြီး တွေ့ဆုံပွဲများတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# အသီးအရွက်များကို အခြောက်ခံ၍ ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိ

တောင်ကြီး ဇန်နဝါရီ ၈

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ဟဲဟိုးမြို့နယ်ရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သည့် အသီးအရွက်များကို အခြောက်ခံ၍ ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိသော Myanmar Belle Shin- Shin Foods Co.,Ltd. သို့ သွားရောက်ကြည့်ရှုအားပေးသည်။**

ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးအား ကုမ္ပဏီ၏ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ရေး၊ ပြည်ပတင်ပို့မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး သီးနှံစိုက်တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး လုပ်ငန်းတွင် လက်ရှိကြုံတွေ့နေရသော အခက်အခဲများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ် ဘော်ဆိုင်းကျေးရွာအုပ်စုရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဖြစ်သော Top Ten Star Producting Co.,Ltd. ၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ခဲသတ္တုသန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်းသို့ ရောက်ရှိရာ ကုမ္ပဏီ၏ တာဝန်ရှိသူများက စက်ရုံလုပ်ငန်းလည်ပတ်နေမှုနှင့် အခက်အခဲများကို တင်ပြကြသည်။ ပြည်ထောင်စုဝန်ကြီးက အခက်အခဲများနှင့်စပ်လျဉ်း၍ ဆက်လက်ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ဆွေးနွေးကာ သတ္တုထုတ်လုပ်မှုလုပ်ငန်းများနှင့် သတ္တုသန့်စင်စက်ရုံအတွင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# မြန်မာ - တရုတ် နှစ်နိုင်ငံကုန်သွယ်မှု ဆောင်ရွက်ရာတွင် တရုတ်(ယွမ်) ငွေစာရင်း (Account) ဖွင့်လှစ်၍ ငွေပေးချေမှုဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်ပြီး Bank of China, Industrial and Commercial Bank of China (ICBC) ဘဏ်တို့မှ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာ - တရုတ် နှစ်နိုင်ငံကုန်သွယ်မှု ဆောင်ရွက်ရာတွင် တရုတ်(ယွမ်) ငွေစာရင်း(Account) ဖွင့်လှစ်၍ ငွေပေးချေမှုဆောင်ရွက်ရန်ကိစ္စနှင့် ပတ်သက်ပြီး Bank of China, Industrial and Commercial Bank of China (ICBC) ဘဏ်တို့မှ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးမြို့ Pullman Mandalay Mingalar ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။**(အပေါ်ယာပုံ)**



**အခက်အခဲများ ဖြေရှင်းပေးမည်**

ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာ - တရုတ် နယ်စပ်ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ယွမ် - ကျပ် တိုက်ရိုက်အသုံးပြု ပေးချေရေးဆိုင်ရာ ရည်ရွယ်ချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ပြောကြားခဲ့ပြီး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က တရုတ်(ယွမ်) ငွေစာရင်း(Account) ဖွင့်လှစ်၍ ငွေပေးချေမှု ဆောင်ရွက်ရာတွင် တွေ့ကြုံရနိုင်သည့် အခက်အခဲများအပေါ် ဝိုင်းဝန်းဆွေးနွေးကြရန်နှင့် ယင်းအခက်အခဲများကို ဖော်ထုတ်ပြီး သက်ဆိုင်ရာဌာနများမှ ပူးပေါင်းပါဝင် ဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကုန်သည် လုပ်ငန်းရှင်များက ဘဏ်လုပ်ငန်းဆိုင်ရာ အစီအစဉ်များ၊ ငွေပေးချေမှုနည်းလမ်းများ၊ အဆိုပြုရမည့် ငွေလဲလှယ်နှုန်းများ၊ နယ်စပ်ကုန်သွယ်ရေးအတွက် ရယူရမည့် ကုန်သွယ်မှုဆိုင်ရာ အထောက်အထားများ၊ ဘဏ်စရိတ်နှုန်းထားများ ငွေကြေးထောက်ပံ့မှု အစီအစဉ်များနှင့် ပတ်သက်၍ မေးမြန်းကြရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ ICBC နှင့် BOC တို့မှ တာဝန်ရှိသူများက ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုကိစ္စရပ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆွေးနွေး**

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘဏ်များအသင်းနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ Bank of China နှင့် Industrial and Commercial Bank of China (ICBC) နိုင်ငံခြားဘဏ်ခွဲများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် မန္တလေးတိုင်းဒေသကြီးရှိ ကုန်သည်လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများသည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်



**တောင်ကြီး ဇန်နဝါရီ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ရွှေသူဌေးကုန်း ကရုဏာရှင်နာမှုကူညီရေး အသင်းရုံး၌ ပြုလုပ်ပေးသည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်က လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများ၊ နေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ၊ လက်ရှိဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများ၊ ကတ်ပြားပျောက်ဆုံး၊ ပျက်စီးမှုမရှိစေရေး၊ စနစ်တကျ ကိုင်ကွယ်အသုံးပြုရမည့် နည်းစနစ်များကို အသိပညာပေး ပြောကြားသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်၊ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဝင်းနိုင်နှင့် ဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများက ရပ်ကွက်နေပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပန်းခင်းစီမံချက်ကာလအတွင်း ပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စု လူဦးရေစာရင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် လက်ကမ်းစာစောင်များကို အခမဲ့ဝေပေးခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်**
**(တောင်ကြီး)**

# စက်ရုံအလုပ်ရုံအားလုံးနီးပါး ပြန်လည်ဖွင့်လှစ်

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျဆင်းသွားသည့် နိုင်ငံ၏စီးပွားရေး ပြန်လည်တိုးတက်မှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်သည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဦးစားပေးပြီး အားပေးဆောင်ရွက်ပေးလျက်ရှိသဖြင့် နိုင်ငံစီးပွားရေးအတွက် များစွာအထောက်အကူပြုကြောင်း၊ အလားတူ စက်ရုံအလုပ်ရုံများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ဆူပူအကြမ်းဖက်လုပ်ရပ်များကြောင့် စက်ရုံအလုပ်ရုံအချို့ ရပ်နားထားခဲ့ရသော်လည်း ယခုအခါ စက်ရုံအလုပ်ရုံအချို့မှလွဲ၍ စက်ရုံအလုပ်ရုံအားလုံးနီးပါး ပြန်လည်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၃၀-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၄/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## မြန်မာနိုင်ငံ၌ ကာကွယ်ထိန်းသိမ်းထားသော သဘာဝနယ်မြေ ၁၉ ခုနှင့် ဆင်စခန်း ၂၂ ခုကို သဘာဝအခြေခံခရီးသွားလုပ်ငန်းနယ်မြေများအဖြစ် ဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၈

**အာရှဒေသ သဘာဝအခြေခံခရီးသွားလုပ်ငန်းကွန်ရက်မှ ကြီးမှူး၍ နိုင်ငံတကာသဘာဝအခြေခံခရီးသွားလုပ်ငန်း နှစ် (၂၀) ပြည့် အထိမ်းအမှတ်အခမ်းအနား၊ အာရှ-ပစိဖိတ် သဘာဝအခြေခံခရီးသွားလုပ်ငန်း ထိပ်သီးညီလာခံ -၂၀၂၂ ကို ယနေ့တွင် Virtual စနစ်ဖြင့် ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် Keynote Speaker အဖြစ် ပါဝင်တက်ရောက်သည်။**

အဆိုပါညီလာခံတွင် အာရှဒေသ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကွန်ရက်ဥက္ကဋ္ဌ Mr. Masaru Takayama က အဖွင့်မိန့်ခွန်းပြောကြားပြီး ကမ္ဘာလုံးဆိုင်ရာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကွန်ရက်ဥက္ကဋ္ဌ Mr. Glenn Jampol၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးဖန်တီးမှုဝန်ကြီးဌာန ဝန်ကြီး Dr.H.Sandiaga Salahuddin Uno နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်တို့က အမှာစကားများ ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်မှုအပေါ် မူတည်၍ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာအစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံ (၂၀၂၁-၂၀၂၅) ကို ရေးဆွဲခဲ့ပြီး ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရေး အစီအမံများကို ချမှတ်ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းပင်မစီမံကိန်း၊ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း မူဝါဒ၊ မြန်မာနိုင်ငံ သဘာဝနယ်မြေများအတွက် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းမူဝါဒနှင့် အုပ်ချုပ်လုပ်ကိုင်မှု မဟာဗျူဟာအစရှိသည့် ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများကို နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းရေးဆွဲခဲ့ကြောင်း။

မြန်မာနိုင်ငံသည် ဂေဟစနစ်နှင့် တိုင်းရင်းသား ယဉ်ကျေးမှုများ အမျိုးအစားစုံလင်သည့် နိုင်ငံဖြစ်သည်နှင့်အညီ သဘာဝအလှအပများနှင့် ယဉ်ကျေးမှုများကို နောင်လာနောက်သားများသို့ လက်ဆင့်ကမ်းအမွေပေးနိုင်ရန် ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကိုလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးတက်လာစေရန် ပညာပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ကာကွယ်ထိန်းသိမ်းထားသော သဘာဝနယ်မြေ ၁၉ ခုနှင့် ဆင်စခန်း ၂၂ ခုကို သဘာဝအခြေခံခရီးသွားလုပ်ငန်းနယ်မြေများအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းကဏ္ဍကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူအားလုံး ဟန်ချက်ညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်သာမက ခရီးသွားကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

မွန်းလွဲပိုင်းအစီအစဉ်တွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းအကြံပေး ဒေါ်ကြည်ကြည်အေးက **"မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအား New Normal ပုံစံဖြင့် ပြန်လည်စတင်ရာတွင် ဆောင်ရွက်သွားမည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ အလေ့အကျင့်များ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇေယျာမျိုးအောင်က **"မြန်မာနိုင်ငံတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် နည်းလမ်းများ"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ် တစ်ဦးနှင့် ဥရောပသဘာဝအခြေခံ ခရီးသွားလုပ်ငန်းကွန်ရက်မှ Kirsi Hyvaenerin တို့က သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ Keynote Talk များ ပြောကြားခြင်း၊ မွန်ဂိုလီးယားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ **"သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအထောက်အကူပြုမူဝါဒများ"** ခေါင်းစဉ်အောက်တွင် ဆွေးနွေးခြင်း၊ နော်ဝေနိုင်ငံမှ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဆိုင်ရာ အကြံပေးမှ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဆိုင်ရာ အော်စလိုကြေညာစာတမ်းကို ဖတ်ကြားခြင်း၊ Global Sustainable Tourism Council ဒုတိယဥက္ကဋ္ဌနှင့် Asia Pacific Green Destination ကိုယ်စားလှယ်ဖြစ်သူ အာရှသဘာဝအခြေခံခရီးသွားလုပ်ငန်းကွန်ရက်မှ ဒုတိယဥက္ကဋ္ဌတို့က နိဂုံးချုပ်အမှာစကား ပြောကြားကြပြီး ပထမနေ့ ဆွေးနွေးပွဲအစီအစဉ်ကို ရုပ်သိမ်းခဲ့သည်။

ညီလာခံ ဒုတိယနေ့ အစီအစဉ်များကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ အစီအစဉ်အရ ထိုင်းနိုင်ငံ၊ တရုတ်(တိုင်ပေ)၊ အင်ဒိုနီးရှားနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက **"ဒေသခံပြည်သူများမှ ဆောင်ရွက်သည့် သဘာဝအခြေခံခရီးသွားလုပ်ငန်း"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဟောင်ကောင်နှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဆိုင်ရာ ကိုယ်စားလှယ်များက **"လုပ်ငန်းရှင်များမှ ဆောင်ရွက်သည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း"** ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေးမြို့နယ် တူးမြောင်းကျေးရွာတွင် ဆောက်လုပ်မည့် အာယုကရုဏာဘိုးဘွားရိပ်သာ ကြိုဆိုဉ္စ်ခံဆောင် ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပ

**ရေး ဇန်နဝါရီ ၈**

မွန်ပြည်နယ် ရေးမြို့နယ် တူးမြောင်းကျေးရွာရှိ ကျိုက်ဒေတမော့ဇရတ် သာသနာပြုဌာန ဆရာတော်ဘဒ္ဒန္တပုပ္ဖရမ္မ ဦးဆောင်မှုဖြင့် ဆောက်လုပ်နေသည့် အာယုကရုဏာ ဘိုးဘွားရိပ်သာ ကြိုဆိုဉ္စ်ခံဆောင် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယမန်နေ့က တူးမြောင်းကျေးရွာအနီး ရေး-မော်လမြိုင်လမ်းမကြီး လေယာဉ်ကွင်းဟောင်းရှေ့ အာယုကရုဏာ ဘိုးဘွားရိပ်သာ ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဆရာတော် ဘဒ္ဒန္တပုပ္ဖရမ္မနှင့် ဒါယကာများက ဦးဆောင်ပြုလုပ်ကြပြီး အဆိုပါဘိုးဘွားရိပ်သာကို မြေလေးဧကကျော်တွင် ဘိုးဘွားများနေထိုင်ရန်အတွက် လူ ၂၀ ဆံ့ အိပ်ဆောင်နှစ်ဆောင်၊ စားသောက်ခန်းမ၊ အုပ်ချုပ်မှုဆောင် တစ်ဆောင်နှင့် ခန်းမတစ်ခုတို့ ဆောက်လုပ်သွားမည်ဖြစ်ကာ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျငွေကျပ် သိန်းသုံးထောင်ခန့် ကုန်ကျမည်ဖြစ်သည်။

ကျိုက်ဒေတမော့ ဇရတ် သာသနာပြုဌာနဆရာတော်ဘဒ္ဒန္တပုပ္ဖရမ္မက ရေးမြို့နယ်အတွင်းရှိ ပြုစုစောင့်ရှောက်ရန် လိုအပ်နေသော ဘိုးဘွားများရှိနေကြသော်လည်း ပြုစုစောင့်ရှာက်ရန်အတွက် ဘိုးဘွားရိပ်သာ မရှိခြင်းကြောင့် ဆောက်လုပ်ခြင်းဖြစ်ပြီး ကျန်းမာရေးချို့တဲ့ပြီး ပြုစုစောင့်ရှောက်ရန် လိုအပ်နေသော အမှီအခိုကင်းမဲ့သည့် ဘိုးဘွားများအတွက် မှီခိုအားထားရာနေရာတစ်ခု ဖြစ်လာစေရန်၊ အကူအညီ လိုအပ်နေသော ဘိုးဘွားများ အေးချမ်းစွာနေထိုင်ပြီး စနစ်တကျပြုစုစောင့်ရှောက်နိုင်စေရန်နှင့် ဘိုးဘွားများအနေဖြင့် မစွမ်းဆောင်နိုင်တော့သည့် အချိန်ကာလတွင် ကောင်းမွန်စွာ အသက်ရှင်နေထိုင်နိုင်ရန် ရည်ရွယ်ပြီး ဆောက်လုပ်ခြင်းဖြစ်သည်။

**ခင်သိမ့်သိမ့်ရည်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ရခိုင်ပြည်နယ်အတွင်းရှိ ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံ



ပုသိမ် ဇန်နဝါရီ ၈

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ဇန်နဝါရီ ၇ ရက် ညနေ ၄ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဘာသာရေးခေါင်းဆောင်များက အထွေထွေဆွေးနွေးတင်ပြကြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး အလှူငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ တိုင်းရင်းသားများအားလုံးအနေဖြင့် မိမိတို့၏ စာပေနှင့်ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်စေလိုပါကြောင်း၊ စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအနေဖြင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ စာပေနှင့် ယဉ်ကျေးမှုကိစ္စများကို အားသွန်ခွန်စိုက်လုပ်ဆောင်ကြစေလိုပါကြောင်း၊ မိမိတို့၏ စာပေနှင့်ယဉ်ကျေးမှု အခက်အခဲများနှင့်ပတ်သက်ပြီး တင်ပြဆွေးနွေးစေလိုပါကြောင်း၊ တင်ပြချက်များကို အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍကို ဦးစားပေး ကူညီပေးစေလိုပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငြိမ်းချမ်းရေးရရှိအောင် အားလုံးဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးသည် အရေးကြီးပြီး တိုင်းပြည်ကြီးငြိမ်းချမ်းမှ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ပြည်သူပြည်သားများလည်း စားဝတ်နေရေး ပြေလည်မည်ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ် နှစ်သစ်မှစ၍ မြန်မာပြည်မြောက်ပိုင်း ခါကာဘိုရာဇီမှ မြန်မာပြည်တောင်ပိုင်း ကော့သောင်းအထိ ငြိမ်းချမ်းပါစေကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ အင်္ဂလိပ်-စကော-ကရင်-အနောက်ပိုးကရင်-မြန်မာ ပူးတွဲအဘိဓာန်စာအုပ်ကို ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌက တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုထံ ပေးအပ်သည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် စာပေနှင့် ယဉ်ကျေးမှုကော်မတီများက အထွေထွေဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက စာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး နိဂုံးချုပ်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ဝန်ထမ်းများကို တွေ့ဆုံအမှာစကား ပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးရှိ ပဆင-ဓနုဘေး-သက္ကယ်ကျွန်းလမ်း ကတ္တရာလမ်းခင်းခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ



**ဇလွန် ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ပဆင-ဓနုဘေး-သက္ကယ်ကျွန်းလမ်း ကတ္တရာလမ်းခင်းခြင်းဖွင့်ပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ပဆင-ဓနုဘေး - သက္ကယ်ကျွန်းလမ်းတွင် တက်ရောက် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားခဲ့ပြီး တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)က ကတ္တရာလမ်း ဆောင်ရွက်ခဲ့မှုအား ရှင်းလင်းတင်ပြကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် ပဆင-ဓနုဘေး - သက္ကယ်ကျွန်းလမ်း ကတ္တရာလမ်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပဆင - ဓနုဘေး - သက္ကယ်ကျွန်းလမ်းအား လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် (၁/၀ ဒသမ ၁၅) မိုင်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် (၁/၀) မိုင် ကတ္တရာခင်းခြင်း လုပ်ငန်းအား ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇလွန်(ပြန်/ဆက်)**

## မင်းဘူး(စကု)မြို့နယ် ကုန်းသာကျေးရွာ၌ ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

မင်းဘူး ဇန်နဝါရီ ၈

**မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် ကုန်းသာကျေးရွာ၌ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက ဖွင့်ပွဲကျင်းပသည်။**

အဆိုပါ လမ်းဖွင့်ပွဲတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် မီနီဘတ်ဂျက် ခြောက်လတာကာလ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (VDP) ဖြင့် မင်းဘူး(စကု) မြို့နယ်အတွင်းရှိ ကုန်းသာကျေးရွာ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သော်လည်း မိမိဒေသ၊ မိမိကျေးရွာဖြစ်သည်နှင့်အညီ လမ်းများရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ကြောင်း၊ မိုးတွင်းကာလများတွင်လည်း လမ်းဘေးဝဲယာနှစ်ဖက်တွင် ရေစီးရေလာကောင်းမွန်ရေးတို့ကို ဂရုစိုက်ဖောက်လုပ်ကြရမည်ဖြစ်ကြောင်းနှင့် ကျေးရွာများတွင် လျှပ်စစ်မီးရရှိရေး၊ ရွာတွင်းလမ်း အဆင့်မြှင့်တင်ရေး၊ ရေရရှိရေးတို့ကို လိုအပ်ချက်များ ရှိလာပါက မြို့နယ် ကျေးလက်ဦးစီးဌာနများနှင့် ဆက်သွယ်အကြောင်းကြား တင်ပြရေးတို့ကို မှာကြားခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့သည့် ကုန်းသာကျေးရွာ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို နိုင်ငံတော်မတည်ငွေ ကျပ်သိန်း ၁၀၀ နှင့် ကျေးရွာသူ ကျေးရွာသားများ၏ ထည့်ဝင်ငွေကျပ်သိန်း ၃၀ တို့ဖြင့် အရှည်ပေ ၇၃၆ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မဖြင့် ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း ဒေသဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ ဦးချစ်ဦးလွင်ထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**

## စလင်းမြို့နယ်ရှိ တဲကုန်းကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်မှု ၅၀ ရာခိုင်နှုန်းကျော်ပြီးစီး

**စလင်း ဇန်နဝါရီ ၈**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လဘတ်ဂျက်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်းဖြင့် စလင်းမြို့နယ် ရှမ်းစုကျေးရွာအုပ်စု တဲကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို မင်းဘူးခရိုင် ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် အင်ဂျင်နီယာများက ဇန်နဝါရီ ၆ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကုန်ထုတ်လမ်းကို Shwe Group ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေပြီး လမ်းအရှည် ၁ မိုင် ၂ ဖာလုံ၊ လမ်းအကျယ် ၁၂ ပေ၊ အောက်ခံ ကျောက်ရောမြေ ၁ ပေထုနှင့် မြေနီကျောက်စရစ် ၉ လက်မ ထုခင်းခြင်း၊ (၁၈ x ၆ x ၆) ပေ Box Culvert ၆ စင်း တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တဲကုန်းကျေးရွာ ကုန်ထုတ်လမ်းသည် တဲကုန်းကျေးရွာရှိ လယ်ကွင်းများဆီသို့ ဆက်သွယ်ထားသောလမ်းဖြစ်ပြီး တောင်သူများအနေဖြင့် သီးနှံထွက်ကုန်များ သယ်ပို့ရာ၌ အဓိကအားထားရာလမ်းဖြစ်သည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးပါက လယ်ဧက ၅၀၀ မှ ထွက်ရှိသော သီးနှံများကို ရာသီမရွေး ဈေးကွက်သို့ အဆင်ပြေလွယ်ကူစွာ သယ်ပို့နိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။**အထွေး**

# ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် သရေခေတ္တရာ ပျူမြို့ဟောင်း၌ အပျော်တမ်းစက်ဘီးစီးပွဲတော်ကျင်းပသွားမည်

**ပဲခူး ဇန်နဝါရီ ၈**

ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် နယ်မြေဖြစ်သည့် သရေခေတ္တရာပျူမြို့ဟောင်း အပျော်တမ်းစက်ဘီးစီးပွဲတော်ကျင်းပခြင်းဖြစ်၍ ပြိုင်ပွဲအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးကို ဦးတည်၍ အဆိုပါ အပျော်တမ်းစက်ဘီးစီးပွဲတော်ကို ကျင်းပရန် စီစဉ်ရခြင်းဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက သရေခေတ္တရာပျူမြို့ဟောင်း အပျော်တမ်းစက်ဘီးစီးပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပါပြိုင်ပွဲသည် ခရီးမိုင် ၁၀ မိုင်ခန့် စက်ဘီးစီးရမည်ဖြစ်၍ ခရီးစဉ်တစ်လျှောက် သတ်မှတ်နေရာများ စနစ်တကျထားရှိသွားရန်လိုကြောင်း၊ ဖွဲ့စည်းပေးထားသည့် ကော်မတီများအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက သရေခေတ္တရာပျူမြို့ဟောင်း အပျော်တမ်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပပြုလုပ်ရန် စီစဉ်ထားရှိမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးများက ဖြည့်စွက်အကြံပြုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သရေခေတ္တရာပျူမြို့ဟောင်း အပျော်တမ်းစက်ဘီးစီးပြိုင်ပွဲကို ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ကျင်းပရန်စီစဉ်ထားပြီး ပဲခူး၊ တောင်ငူ၊ ပြည်နှင့် သာယာဝတီ ခရိုင်များရှိ အပျော်တမ်းစက်ဘီးစီးသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# ချင်းပြည်နယ်အစိုးရအဖွဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ ညှိနှိုင်းစည်းဝေး

**ဟားခါး ဇန်နဝါရီ ၈**

ချင်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ရှင်းလင်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင် တက်ရောက်အမှာစကား ပြောကြားသည်။




ပြည်နယ်စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးဟာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းအတွက် အတည်ပြုဆုံးဖြတ်ပေးမည့် အစည်းအဝေးဖြစ်ကြောင်း၊ ငွေလုံးငွေရင်းဖြင့် အဆောက်အအုံ ဆောက်လုပ်မည်ဆိုပါက မြေနေရာ ရရှိပြီးမှသာ ဆောက်လုပ်ရမည် ဖြစ်ကြောင်း၊ ပြည်နယ်ဝန်ကြီးများအနေဖြင့် မိမိတို့ကြီးကြပ်မှု အောက်မှာရှိသည့် ဌာနများနှင့် နှစ်ပတ်တစ်ခါတွေ့ဆုံ၍ ရန်ပုံငွေ ရရှိမှု၊ လုပ်ငန်းအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ရန်ပုံငွေထုတ်ယူ သုံးစွဲမှုကို တစ်လတစ်ကြိမ် ပြည်နယ်ဝန်ကြီးချုပ်ထံသို့ တင်ပြရန်လိုကြောင်း၊ ထိုသို့တင်ပြရာတွင် မှတ်တမ်းဓာတ်ပုံများနှင့်အတူ တည်ဆောက်ရေးကြီးကြပ်စစ်ဆေးမှုကော်မတီ၏ စစ်ဆေးမှုကိုပါ ပူးတွဲရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်စီမံကိန်းကော်မရှင် အဖွဲ့ဝင်၊ ပြည်နယ် စီးပွားရေးဝန်ကြီး ဦးဟန်ကျင့်ဇမ်းက ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြရာတွင် ဘဏ္ဍာရေးနှစ်အတွင်း အမှန်တကယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကိုသာ တင်ပြသွားရန် ပြောကြားပြီးဖြစ်သည့်အတွက် အတည်ပြုထားသည့် လုပ်ငန်းစီမံကိန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန် ပြောကြားပြီးနောက် တက်ရောက်လာကြသော ပြည်နယ်စီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်နယ်စီမံကိန်းဦးစီးဌာနမှူးနှင့် ပြည်နယ်ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှူးတို့က ဆွေးနွေးဆုံးဖြတ်ရမည့် အချက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းနှင့် ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင့်တို့က အကြံပြုဆွေးနွေးကြပြီးနောက် ဆုံးဖြတ်ရမည့် အချက်များကို တစ်ခုချင်းစီ ဆွေးနွေးဆုံးဖြတ်ကြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်တက်လမ်း**

# ၂၀၂၂ အာရှဖလားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ကစားသမား ၂၃ ဦး ရွေးချယ်မည်

**ရန်ကုန် ဇန်နဝါရီ ၈**

၂၀၂၂ အာရှဖလား အမျိုးသမီး ပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အပြီးသတ် ကစားသမား ၂၃ ဦး ရွေးချယ်မည် ဖြစ်သည်။



မြန်မာအမျိုးသမီးအသင်းသည် အာရှဖလား နောက်ဆုံးအဆင့်အတွက် နိုဝင်ဘာဒုတိယပတ်တွင် စတင်လေ့ကျင့်ခဲ့ပြီး ဒီဇင်ဘာလတွင် ကစားသမားများ အတိုးအလျှော့ပြုလုပ်ခဲ့ပြီး လက်ရှိတွင် ၂၇ ဦးဖြင့် လေ့ကျင့်နေခြင်းဖြစ်သည်။ ယင်းပဏာမ ကစားသမားများတွင် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းမှာ အိန္ဒိယကလပ် ဂိုကူလမ် အသင်းတွင် သွားရောက်ကစားနေသဖြင့် ၂၆ ဦးဖြင့်သာ လေ့ကျင့်နေခြင်းဖြစ်ပြီး ၎င်းမှာ အိန္ဒိယနိုင်ငံသို့ ရောက်ရှိမှသာ အသင်းနှင့် ပူးပေါင်းမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာအမျိုးသမီး အသင်းအနေဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာရာတွင် ကစားသမား ၂၂ ဦးသာ ခေါ်ဆောင်သွားရမည်ဖြစ်ပြီး ကစားသမား လေးဦးသာ လျှော့ချရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲများ၊ ဖိတ်ခေါ်ပြိုင်ပွဲများ ကစားရန် ကြိုးပမ်းခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် သွားရောက်နိုင်ခြင်းမရှိဘဲ လေ့ကျင့်မှုပြုလုပ်ပြီး ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီး အသင်းသည် အောက်တိုဘာလလယ်က ယှဉ်ပြိုင်ကစားသည့် အာရှဖလား ခြေစစ်ပွဲမတိုင်မီကလည်း နိုင်ငံတကာခြေစမ်းပွဲများ ကစားရခြင်း မရှိဘဲ ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအမျိုးသမီး အသင်းသည် ခြေစစ်ပွဲတွင် ယူအေအီး၊ လက်ဘနွန်နှင့် ဂူအမ်အသင်းတို့ကို ကျော်ဖြတ်ကာ ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂ အာရှဖလား အမျိုးသမီး ပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ဂ)တွင် လက်ရှိချန်ပီယံဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ်အသင်းတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်နေသည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားပြိုင်ပွဲယှဉ်ပြိုင်ရန် ဇန်နဝါရီ တတိယပတ်တွင် အိန္ဒိယနိုင်ငံသို့ သွားရောက်မည် ဖြစ်သည်။

**သတင်း-ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

## ထူးခြားသည့် အပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၈**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့၊ ကျိုင်းတုံမြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့၊ ပင်လောင်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ရွှေစည်းခုံဘုရားကြီးရှိ ချူအင်လိုင်း နားနေဆောင် အဆင့်မြှင့်တင်ခြင်းနှင့် သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း စတင်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၈**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ရွှေစည်းခုံဘုရားကြီးရှိ ချူအင်လိုင်းနားနေဆောင် အဆင့်မြှင့်တင်ခြင်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ချူအင်လိုင်း တန်ဆောင်း၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ညောင်ဦးမြို့နယ် ရွှေစည်းခုံဘုရားရှိ ချူအင်လိုင်း တန်ဆောင်းသည် ၁၉၆၁ ခုနှစ်က တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်း မြန်မာနိုင်ငံ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း ရွှေစည်းခုံဘုရားသို့ လာရောက်ဖူးမြော်သည့် ဘုရားဖူး ပြည်သူများ နားနေအပန်းဖြေနိုင်ရန် ချူအင်လိုင်းတန်ဆောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယခုဆိုလျှင် (၆၁) နှစ် ပြည့်ပြီဖြစ်ပြီး ချူအင်လိုင်း တန်ဆောင်းသည် တရုတ်- မြန်မာ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးအစဉ်အလာကောင်း၏ ပြယုဂ်တစ်ခုလည်းဖြစ်သည်။ တရုတ်လူမျိုးများသည် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ လာရောက်လည်ပတ်ခြင်း နှစ်ပတ်လည်အခမ်းအနားများကို ချူအင်လိုင်း တန်ဆောင်း၌ပင် ကျင်းပလေ့ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့်အဖွဲ့သည် သဗ္ဗညုဘုရား၌ ကျင်းပသည့် သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးတို့က အမှာစကား ပြောကြားသည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ စေတီပုထိုးများအနက် ၃၈၉ ဆူ ထိခိုက်မှုရှိခဲ့ပြီး အဆိုပါ ပျက်စီးမှုများတွင် သဗ္ဗညုဘုရားလည်း တစ်ဆူ အပါအဝင်ဖြစ်သည်။ သဗ္ဗညုဘုရားအား ထိန်းသိမ်းပြုပြင်ရန်အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပညာရှင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရှင်အဖွဲ့သည် ၂၀၁၉ ခုနှစ် မိုးရာသီမတိုင်မီ အရေးပေါ် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ငလျင်ကြောင့် ထိခိုက်မှုနှင့် ပတ်သက်၍လေ့လာခြင်း၊ 3D Scan ဖတ်ခြင်း၊ ဘုရားနှင့် အနီးဝန်းကျင်တွင် ကွင်းဆင်းလေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆောက်အအုံနှင့် နံရံပန်းချီပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် လေ့လာခြင်းများ၊ တတိယလိုဏ်ပတ်လမ်းနှင့် စတုတ္ထလိုဏ်ပတ်လမ်းများရှိ ပေါင်းမိုးများတွင် ဖြစ်ပေါ်နေသည့် အက်ကွဲကြောင်းများကြောင့် ပေါင်းမိုးများ ကြွံ့ခိုင်စေရန် ငြမ်းများ ထောက်ခံထားခြင်း၊ မိုးရေစိမ့်မှုမရှိအောင် ရေပိတ်လွှာ လောင်းခြင်း၊ ကွမ်းတောင်နှင့် စတုတ္ထပစ္စယာများ ကြံ့ခိုင်စေရန် သံခါးပတ်ပတ်၍ ထိန်းသိမ်းခြင်းများကို ကြိုတင်ဆောင်ရွက်ခဲ့ပြီး ပုဂံဌာနခွဲမှ စောင့်ကြည့်စစ်ဆေးခြင်း (Monitoring) ဆောင်ရွက်လျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထိန်းသိမ်းရေးပညာရှင်များ၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံများနှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အတွေ့အကြုံရှိသော ဝန်ထမ်းများ ပူးပေါင်းပြီး သဗ္ဗညုဘုရားကြီးကို ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုသိမ်ကြီးမြို့နယ်၌ အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်လှစ်

**ပုသိမ်ကြီး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျေးလက်နေ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် အထောက်အကူပြုစေရေး၊ လူနေမှုဘဝမြှင့်တင်ရေး ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းကိုပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ယနေ့နံနက် ၁၀ နာရီက ဖွင့်လှစ်သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က သင်တန်း ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များအား ရှင်းလင်းပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများအား သင်တန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

သင်တန်းတွင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၀ ဦးတက်ရောက်မည်ဖြစ်ပြီး အခြေခံလက်ချုပ်၊ စက်ချုပ်၊ ပုဆိုး/လုံချည်ချုပ်လုပ်ခြင်းဘာသာရပ်၊ ခေါင်းအုံးစွပ်၊ ကလေးဘောင်းဘီ၊ ကလေးအင်္ကျီ၊ အမျိုးသမီးဝတ်အင်္ကျီ ရင်ဖုံးစသည့် အခြေခံစက်ချုပ်ဘာသာရပ်များအား ကျွမ်းကျင်ဆရာမများက စာတွေ့လက်တွေ့ တစ်လကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**





# ညောင်ရွှေမြို့၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေး လူထုအသိပညာပေးလှုပ်ရှားမှုဆောင်ရွက်

**ညောင်ရွှေ ဇန်နဝါရီ ၈**

ဒေသတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျ တပ်ဆင်အသုံးပြုရေး လူထုအသိပညာပေး လှုပ်ရှားဆောင်ရွက်မှုကို ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ် ညောင်ရွှေမြို့ စည်ပင်သာယာရေးဌာန ကြီးကြပ်မှုအောက်ရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း ဖွင့်လှစ်ထားသည့် ယာယီဈေး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူထုအသိပညာပေး လှုပ်ရှားမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါနှင့် ဗီဇပြောင်းအိုမီခရွန်နှင့် ဒယ်လ်တာမိုင်းရပ်စ်ပိုး ကူးစက်ဖြစ်ပွားမှု သတိပြု ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ ပါးစပ်နှင့်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု တားဆီးကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းကို မြန်မာဘာသာ၊ ပအိုဝ်းဘာသာ၊ ရှမ်းဘာသာများဖြင့် အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေမျိုးသူရိန်**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# မာရဝိဇယ ဘူမိဖဿ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျောက်စာချပ်များအဖြစ် ရေးထိုးထွင်းထုပူဇော်မည့် ပိဋကသုံးပုံ ပါဠိတော်ကို Roman အက္ခရာဖြင့် ပြောင်းလဲရေးသားထားမှုအား စိစစ်တည်းဖြတ်နိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၈

**နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားလျက်ရှိသော မာရဝိဇယ ဘူမိဖဿ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျောက်စာချပ်များအဖြစ် ရေးထိုးထွင်းထု ပူဇော်မည့် ပိဋကသုံးပုံ ပါဠိတော်ကို Roman အက္ခရာဖြင့် ပြောင်းလဲရေးသားထားမှုအား စိစစ်တည်းဖြတ်နိုင်ရေး ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပပြုလုပ်သည်။**



မာရဝိဇယ ဘူမိဖဿ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျောက်စာချပ်များအဖြစ် ရေးထိုးထွင်းထုပူဇော်မည့် ပိဋကသုံးပုံ ပါဠိတော်ကို Roman အက္ခရာဖြင့် ပြောင်းလဲရေးသားထားမှုအား စိစစ်တည်းဖြတ်နိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စိစစ်တည်းဖြတ်ရေးကော်မတီ အတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း ရှင်းလင်းပြောကြားစဉ်။

ညှိနှိုင်းအစည်းအဝေးသို့ စိစစ်တည်းဖြတ်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဒုတိယ ပါမောက္ခချုပ် (သင်ကြား) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ဇောတိက၊ စိစစ်တည်းဖြတ်ရေးကော်မတီ အတွင်းရေးမှူး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ စိစစ်တည်းဖြတ်ရေး ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ဆရာတော်တို့က ပိဋကသုံးပုံ ပါဠိတော်ကို Roman အက္ခရာဖြင့် စိစစ်တည်းဖြတ်နိုင်ရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဩဝါဒကထာများ မိန့်ကြားတော်မူကြသည်။

ထို့နောက် စိစစ်တည်းဖြတ်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားလျက်ရှိသော မာရဝိဇယ ဘူမိဖဿ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော ဆဋ္ဌသံဂါယနာတင် ပိဋက ပါဠိတော်ကျမ်း ၅၃ ကျမ်း (အုပ်ရေ ၄၀) တို့ကို ပါဠိ၊ Roman နှစ် ဘာသာဖြင့် ကျောက်စာရေးထိုး ပူဇော်သွားရန် စီစဉ်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ကျောက်စာချပ်များအဖြစ် ရေးထိုး ထွင်းထု ပူဇော်ရာတွင် ယခင်က အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်တွင် ပါမောက္ခချုပ်ဆရာတော်အဖြစ် တာဝန်ထမ်းဆောင်တော်မူခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ ဆရာတော်ကြီး ရှေးဦးစွာ Roman အက္ခရာဖြင့် ဘာသာပြန်ဆိုထားတော်မူခဲ့သော Romanization ကျမ်း ၅၃ ကျမ်း (အုပ်ရေ ၄၀)အား အတည်ပြု ရွေးချယ်ထားပြီးဖြစ်ပါကြောင်း။

အဆိုပါ Romanization ကျမ်း ၅၃ ကျမ်း (အုပ်ရေ ၄၀)အား ဆဋ္ဌသံဂါယနာမူနှင့် ကိုက်ညီစေရေးအတွက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ တွဲဖက်ရွှေကျင် သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ၏ ဩဝါဒကိုခံယူကာ စိစစ်တည်းဖြတ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် နာယကအဖွဲ့၊ စိစစ်တည်းဖြတ်ရေး ကော်မတီ၊ လုပ်ငန်းကော်မတီများကို အဆင့်ဆင့် ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့်လည်း ဆရာတော်ကြီးများ၏ စိစစ်တည်းဖြတ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ကိစ္စအဝဝကို ဆောင်ရွက်ပေးရန် အသင့်စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စိစစ်တည်းဖြတ်ရေးကော်မတီ အတွင်းရေးမှူး ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက မန္တလေးကုသိုလ်တော်ဘုရားရှိ မူလကျောက်စာချပ်ပုံစံများနှင့် နှိုင်းယှဉ်ကာ မာရဝိဇယ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဖြစ်ပေါ်လာမည့် ကျောက်စာချပ် ပုံစံ၊ အရွယ်အစားနှင့် ကျောက်စာတစ်ချပ်လျှင် ပါဠိအက္ခရာ၊ Roman အက္ခရာတို့ဖြင့် ဝင်ဆံ့နိုင်မည့် စာမျက်နှာအရေအတွက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော တက္ကသိုလ်အသီးသီးမှ ပညာရှင်ဆရာတော်ကြီးများနှင့် ကျွမ်းကျင်ပညာရှင်များက ပိဋကသုံးပုံ ပါဠိတော်ကို Roman အက္ခရာဖြင့် ပြောင်းလဲ ရေးသားထားမှုအား စိစစ် တည်းဖြတ်နိုင်ရေးအတွက် ဝိနယပိဋက ၅ အုပ်၊ သုတ္တန္တပိဋက ၂၃ အုပ်၊ အဘိဓမ္မာပိဋက ၁၂ အုပ်၊ စုစုပေါင်း အုပ်ရေ ၄၀ တို့၏ ကျမ်းစာရင်းများအား သက်ဆိုင်ရာ တက္ကသိုလ်အလိုက် စိစစ်တည်းဖြတ်ရန် လုပ်ငန်းတာဝန် ခွဲဝေပြီးစီးမှု အခြေအနေ၊ သက်ဆိုင်ရာ ကျမ်းစာရင်းများအလိုက် ဌာနအသီးသီးမှ စိစစ်တည်းဖြတ်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အသေးစိတ် ပြောကြားဆွေးနွေးတော်မူကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ စိစစ်တည်းဖြတ်ရေး ကော်မတီ အတွင်းရေးမှူး ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက ပြန်လည်သုံးသပ်ဆွေးနွေးတော်မူပြီး စိစစ်တည်းဖြတ်ရေး ကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားတော်မူကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်ရွှေမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေး

**ညောင်ရွှေ ဇန်နဝါရီ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံသားများဖြစ်ကြသည့် တိုင်းရင်းသားများနှင့် နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ဇော်နှင့် ဝန်ထမ်းများသည် ယမန်နေ့က တောင်တိုကျေးရွာအုပ်စု၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



အဆိုပါ ပန်းခင်းစီမံချက်ဖြင့် ကွင်းဆောင်ရွက်မှုတွင် တောင်တိုကျေးရွာအုပ်စုအတွင်းရှိ ပိန္နဲကုန်းကျေးရွာ၊ လွယ်တော်ကျေးရွာနှင့် တောင်တိုကျေးရွာများမှ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်း ၁၀၂ စောင်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ၃၀၆ ခု ဆောင်ရွက်ပေးခဲ့ကြောင်းနှင့်အခြား ကျေးရွာအုပ်စုများသို့လည်း စီမံကိန်းကာလအတွင်း ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **စိုင်းအယ်ဘဲ**

## ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် ဆေးပဋ္ဌာန်းပူဇော်ပွဲ ပြုလုပ်မည်

**ပဲခူး ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ဆေးပဋ္ဌာန်းပူဇော်ပွဲ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးပဋ္ဌာန်းပူဇော်ပွဲအား ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ မြင်းကျားဓမ္မာရုံတွင် ဇန်နဝါရီ ၉ ရက်မှ ၁၆ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး မြန်မာတိုင်းရင်းဆေးဝါးများ၊ အင်္ဂလိပ်ဆေးဝါးများနှင့် နဝကမ္မအလှူငွေများ ပါဝင်လှူဒါန်းကုသိုလ်ပြုလိုသူများအနေဖြင့် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၂-၂၁၀၆၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်ယဉ်ဦး**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၈**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## နို့ထိုခေး - ကွီးပညာ ရွာချင်းဆက်လမ်းကို ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီး

**ပိုင်ကျုံ ဇန်နဝါရီ ၈**

ကရင်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပြည်သူများ၏ လူနေမှုဘဝသွားလာရေး အဆင်ပြေစေရန် ရည်ရွယ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ နို့ထိုခေး - ကွီးပညာ ရွာချင်းဆက်လမ်းကို ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းသည် ပိုင်ကျုံမြို့ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၁) ရပ်ကွက် ဆက်သွယ်ထားသည့်လမ်းဖြစ်ပြီး အရှည် ၁ မိုင် ၄ဖာလုံရှိ မြေသားလမ်း ကတ္တရာလမ်းခင်းခြင်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း ကရင်ပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေကျပ် ၃၈၆ ဒသမ ၉၈၆ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလမ်းခင်းခြင်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်မှုဖြင့် ဇွဲကပင်မေမေကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများပြီးစီးမှုကြောင့် ပိုင်ကျုံမြို့အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ပိုင်ကျုံ (ပြန်/ဆက်)**



နို့ထိုခေး-ကွီးပညာ ကတ္တရာလမ်းကို တွေ့ရစဉ်။

## ရေးမြို့နယ်၌ အခြေခံစားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ရေး ဇန်နဝါရီ ၈**

မွန်ပြည်နယ် ရေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရာတွင် အထောက်အကူပြုစေရန် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် လူနေမှု ဘဝမြှင့်တင်နိုင်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်ကူပြု အခြေခံစားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုဦးက အမှာစကားပြောကြားပြီး ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနဦးစီးအရာရှိ ဦးသိန်းထွန်းစိုးက သင်တန်း၏ ရည်ရွယ်ချက်၊ သင်ကြားပို့ချမည့်ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက သင်တန်းသား သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ဒေသထွက်ကုန်သစ်သီးများဖြင့် ယိုအမျိုးမျိုးပြုလုပ်နည်း၊ ဖျော်ရည်မျိုးစုံပြုလုပ်နည်းများကို ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြ ဆရာမနှစ်ဦးက ဇန်နဝါရီ ၅ ရက်မှ ၉ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

# မက်လုံးတွေက ပျက်သုဉ်းဖို့ရာ

## စာချစ်သူ

*ယမန်နေ့မှအဆက်*

ယခုရက်ပိုင်း ဒီဇင်ဘာ ၃၀ ရက်မှာပင် လစ်ဗျားနိုင်ငံမှ ခိုလှုံခွင့်တောင်းခံသူ ဒုက္ခသည်များကို ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ကယ်ဆယ်ရေးလေယာဉ်ဖြင့် နိုင်ဂျာနိုင်ငံသို့ပို့ဆောင်ပေးခဲ့ရသည်။ လစ်ဗျားနိုင်ငံမှ နိုင်ဂျာနိုင်ငံသို့ ကယ်တင်ပေးနိုင်ခဲ့သူ ဒုက္ခသည်နှင့် ခိုလှုံရာတောင်းခံသူဦးရေမှာ ၃၇၁၀ ရှိပြီဖြစ်ကြောင်း ထုတ်ပြန်ချက်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့လေသည်။

**ခေတ်တွေ မည်သို့ပင်ပြောင်းစေကာမူ အင်အားကြီးသူက အင်အားနည်းသူကို၊ ဉာဏ်ကြီးသူက ဉာဏ်နည်းသူကို မက်လုံးအမျိုးမျိုးပေးနေကြဆဲပင်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲနောက်ပိုင်းတွင်လည်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေးမက်လုံးများက တစ်ကျော့ပြန် ပြန်လည်ထွက်ပေါ်လာပြန်ပါသည်။ "ဖက်ဒရယ်ပြည်ထောင်စု"ဟူသော မက်လုံးအသစ် တစ်မျိုးကလည်း တွဲလျက် ကပ်ပါလာပြန်**

ခေတ်တွေ မည်သို့ပင်ပြောင်းစေကာမူ အင်အားကြီးသူက အင်အားနည်းသူကို၊ ဉာဏ်ကြီးသူက ဉာဏ်နည်းသူကို မက်လုံးအမျိုးမျိုးပေးနေကြဆဲပင်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲနောက်ပိုင်းတွင်လည်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေးမက်လုံးများက တစ်ကျော့ပြန် ပြန်လည်ထွက်ပေါ်လာပြန်ပါသည်။ "ဖက်ဒရယ် ပြည်ထောင်စု"ဟူသော မက်လုံးအသစ် တစ်မျိုးကလည်း တွဲလျက် ကပ်ပါလာပြန်ပါသည်။

ငါးမျှားချိတ်၌ ချိတ်ထားသော ငါးစာကိုပြေးဟပ်သူတို့က ပြေးဟပ်ကြသည်။ ဖွဲနုကလေးများ နေ့စဉ်ပက်ကြဲ၍ စားသောက်နိုင်ရန်နှင့် အရိပ်အာဝါသကောင်းကောင်းရရှိစေရန် ဖန်တီးပေးထားသော ကမ်းစပ်တစ်လျှောက်ရှိ ချုံများအတွင်းသို့ ပြေးဝင်ခိုလှုံသူတို့က ခိုလှုံကြသည်။ အချို့က စနိုက်နှင့် စစ်စလီတို့ကဲ့သို့ မှန်ပါးစက္ကူကွက်ကြီးကို တိမ်တောက်ချိန်တွင် မြစ်ချောင်းအင်းအိုင်ထင်၍ ထိုးဆင်းခဲ့ကြလေသည်။ သမိုင်း သင်ခန်းစာများအရ အားကြီးသူက အားနည်းသူကို၊ ဉာဏ်ကြီးသူက ဉာဏ်နည်းသူကို ကိုယ်ကျိုးစီးပွားအလို့ငှာ ပေးသောမက်လုံးတွေက ပျက်သုဉ်းဖို့ရာပင်။ ။

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြု သင်တန်း (၃/၂၀၂၂) ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇန်နဝါရီ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သင်တန်းအပတ်စဉ် (၃/ ၂၀၂၂) အား (၁၀-၁-၂၀၂၂)ရက်နေ့မှ (၁၈-၂-၂၀၂၂) ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊မေမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊
  ဖုန်း၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊
  ဖုန်း၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း၀၅၄-၂၃၅၇၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊
  ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊
  ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှလှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

**မိုး/ဇလ**

# သာသနာ့အရေခြုံကာ သံဃာ့ဝိနည်းနှင့်အညီ ကျင့်ကြံနေထိုင်ခြင်းမရှိဘဲ သာသနာညှိုးနွမ်းစေရန် လုပ်ဆောင်ခဲ့သော မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ ပြည်တော်သာကျောင်းတိုက်မှ ဦးဇဝန(ခ)ဇာနည်ကိုကို အား ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၈

**သာသနာ့အရေခြုံကာ သံဃာ့ဝိနည်းနှင့်အညီ ကျင့်ကြံနေထိုင်ခြင်းမရှိဘဲ သာသနာညှိုးနွမ်းစေရန် လုပ်ဆောင်ခဲ့သော မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ ပြည်တော်သာကျောင်းတိုက်မှ ဦးဇဝန(ခ)ဇာနည်ကိုကို အား သာသနာညှိုးနွမ်းအောင် ပူးပေါင်းပါဝင်သူ ၁၃ ဦးနှင့်အတူ ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ ပြည်တော်သာကျောင်းတိုက်ဆရာတော် ဦးဇဝနက ၎င်း၏ မွေးနေ့ပွဲပြုလုပ်မှုကို Ashin Zawana Facebook Account ၌ ရုပ်သံဖိုင် Live ထုတ်လွှင့်သည်။ ယင်းရုပ်သံဖိုင်တွင် ဦးဇဝနသည် သာမန်လူပုဂ္ဂိုလ်များကဲ့သို့ မွေးနေ့ပွဲကို ကျင်းပပြုလုပ်ခဲ့သည့်အပြင် ၎င်းကို ကိုးကွယ်သူများက နမ်းခြင်း၊ မွေးနေ့သီချင်းများ သီဆိုခြင်း၊ အရက်သေစာ သောက်စားခြင်း၊ ကခုန်ခြင်းများ ပြုလုပ်ခဲ့မှုသည် သံဃာ့ဝိနည်းနှင့်မညီသည့်အပြင် သာသနာ ညှိုးနွမ်းစေနိုင်သည့် လုပ်ဆောင်မှုများဖြစ်သောကြောင့် ဖြစ်စဉ်မှန် ပေါ်ပေါက်စေရေး ဇန်နဝါရီ ၃ ရက်က ဦးဇဝန(ခ) ဇာနည်ကိုကို အား ၎င်းမွေးနေ့ပွဲ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် ၇၁ လမ်းနှင့် ၁၀၂(A) လမ်းထောင့်ရှိ ဇော်မျိုးအောင်၏နေအိမ်၌ ဇော်မျိုးအောင် အပါအဝင် သာသနာညှိုးနွမ်းအောင် ပူးပေါင်းပါဝင်သူ ၁၃ ဦးနှင့်အတူ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

စိစစ်ဖော်ထုတ်ချက်များအရ ဦးဇဝန(ခ)ဇာနည်ကိုကို သည် Ashin Zawana Facebook Account ဖြင့် ဆူပူဆန္ဒပြမှုများကို အားပေးထောက်ခံရေးသားခြင်း၊ ဝန်ထမ်းများ CDM တွင် ပါဝင်လာစေရေး လှုံ့ဆော်ရေးသားခြင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် မမှန်သတင်း ရေးသားခြင်းများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဦးဇဝန(ခ)ဇာနည်ကိုကို သည် သံဃာတော်များ အသုံးပြုရန် သင့်တော်ခြင်းမရှိသော တန်ဖိုးကြီးဖိနပ်၊ လက်ကိုင်အိတ်၊ မျက်မှန်၊ တောင်ဝှေး စသည့် သာမန်လူပုဂ္ဂိုလ် အသုံးအဆောင်ပစ္စည်းများ ဝတ်ဆင်အသုံးပြုခဲ့ကြောင်း၊ ၎င်းအသုံးအဆောင်များဖြင့် အလှဓာတ်ပုံများရိုက်ကူးကာ သံဃာ့ဝိနည်းအား လိုက်နာခြင်းမရှိဘဲ Facebook တွင် Post တင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း။

ဦးဇဝန(ခ) ဇာနည်ကိုကို သည် ဘာသာရေးအရေခြုံ၍ လောင်းကစားပြုလုပ်သူများကို အကြံဉာဏ်ပေးခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ ကိုယ်တိုင် နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အလှူရှင်များထံမှရရှိသည့် အလှူငွေများ အတွင်းမှ ငွေကျပ်သိန်း ၈၀၀ ကို နှစ်လုံးထီ၊ သုံးလုံးထီနှင့် ဘောလုံးပွဲ လောင်းကစားပြုလုပ်ရာ၌ ငွေကြေးလိုအပ်နေသည့် ဇော်မျိုးအောင်ထံ ချေးငှားပေး၍ တရားမဝင် လောင်းကစားလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း၊ ဇော်မျိုးအောင်သည် ၎င်း၏ နေအိမ်တွင် ဦးဇဝန(ခ)ဇာနည်ကိုကို၏မွေးနေ့ပွဲအား ဦးစီးကျင်းပပေးခြင်း၊ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားဒိုင်လုပ်ကိုင်ခြင်း၊ ၎င်း၏နေအိမ်များအား ဘဏ်များတွင် ပေါင်နှံခဲ့ရာမှ ပြန်လည် ပေးဆပ်နိုင်မှုမရှိသည့် အတွက် တရားစွဲဆိုခြင်းခံထား

*စာမျက်နှာ ၁၂ သို့*




Ashin Zawana Facebook Account Profile ပုံနှင့် ၎င်း၏ဓာတ်ပုံ။



ဦးဇဝန(ခ)ဇာနည်ကိုကို အပါအဝင် တရားခံ ၁၄ ဦး ဖမ်းဆီးရမိသည့် ချမ်းမြသာစည်မြို့နယ်ရှိ ဇော်မျိုးအောင်၏ နေအိမ်။



ဦးဇဝန(ခ)ဇာနည်ကိုကို (၄၀နှစ်) (ဘ) ဦးစိုးသိန်းဝင်း



ဇော်မျိုးအောင် (၅၂နှစ်)









ချမ်းမြသာစည်မြို့နယ်ရှိ ဇော်မျိုးအောင်၏ နေအိမ်၌ ဦးဇဝန(ခ)ဇာနည်ကိုကို ၏ မွေးနေ့ပွဲ ကျင်းပနေမှုကို တွေ့ရစဉ်။

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှုများကြောင့် ဓာတ်အားလိုင်းတာဝါတိုင်များ ပျက်စီးဆုံးရှုံးခဲ့ရ

နေပြည်တော် ဇန်နဝါရီ ၈

**CRPH နှင့် NUG အမည်ခံအကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သောဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများ၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် တာဝါတိုင်များအား မိုင်းခွဲဖျက်ဆီးခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။**

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းကြောင့် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်းရှိ တကောင်း နီကယ်စက်ရုံ၏ အရှေ့ဘက်တွင် ပေါက်ကွဲသံကြားခဲ့ရပြီး လျှပ်စစ်မီးလိုင်းများ ပြတ်တောက်သွားခဲ့သည်။ အဆိုပါစက်ရုံသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ စက်ရုံအနီးတစ်ဝိုက်တွင် ပေါက်ကွဲပျက်စီးမှု မတွေ့ရှိရဘဲ ၂၂၀ ကေဗွီ ဓာတ်အားလိုင်းတစ်လျှောက်ရှိ တာဝါတိုင်များအား စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့ညနေ ၃ နာရီခန့်တွင် မိုင်းခွဲဖျက်ဆီးခြင်းခံထားရသည့် တိုင်အမှတ် T-၂၄၅ နှင့် T-၂၄၄ တို့တွင် အောက်ခြေမှ ကျိုး၍လဲကျနေကြောင်းနှင့် တိုင်အမှတ် T-၂၄၃ တွင် အောက်ခြေတိုင်များ တိမ်းစောင်းပြတ်ထွက်ပျက်စီးနေကြောင်း တွေ့ရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်း တာဝါတိုင်များ ပျက်စီးခဲ့ရပြီး လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကြောင်း၊ စက်ရုံလည်ပတ်မှု မရပ်တန့်စေရေးနှင့် လျှပ်စစ်မီးလိုင်းများ ပြန်လည် ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာမှ တာဝန်ရှိသူများက ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိုင်းထောင်ဖောက်ခွဲ ထွက်ပြေးလျက်ရှိသော PDFအမည်ခံ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




တာဝါတိုင်အမှတ် - ၂၄၃

**ထီးချိုင့်မြို့နယ် တကောင်းနီကယ်စက်ရုံသို့ သွယ်တန်းထားသော လျှပ်စစ်ဓာတ်အားလိုင်း တာဝါတိုင်များ မိုင်းခွဲခံရသည့် မှတ်တမ်းဓာတ်ပုံများ။**




တာဝါတိုင်အမှတ် - ၂၄၄



တာဝါတိုင်အမှတ် - ၂၄၅

# PDF အမည်ခံအကြမ်းဖက်သမားများက မြိုင်မြို့နယ် ရွာကုန်းကျေးရွာမှ ကျောင်းထိုင်ဆရာတော်နှင့် ဖခင်ဖြစ်သူတို့ကို ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်

**နေပြည်တော် ဇန်နဝါရီ ၈**

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ထုတ်ပြန်ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ရက်ရက်စက်စက် သတ်ဖြတ်မှုကြောင့် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာကုန်းကျေးရွာရှိ ဆရာတော်တစ်ပါး ပျံလွန်တော်မူခဲ့ပြီး ဆရာတော်၏ ဖခင်ဖြစ်သူတို့ သေဆုံးခဲ့ကြောင်း သိရှိရသည်။

### လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့

ဖြစ်စဉ်မှာ မြိုင်မြို့နယ် ရွာကုန်းကျေးရွာရှိ မဟာနန္ဒီမကျည်းတောကျောင်းတိုက်၌ သီတင်းသုံးနေထိုင်သည့် ကျောင်းထိုင်ဆရာတော် ဦးခေမာသာရ (၄၈နှစ်) ဝါတော်(၂၀)နှင့် ဖခင်ဖြစ်သူဦးလှပြုံးတို့နှစ်ဦးသည် ကျောင်းတိုက်၌ရှိစဉ် ဇန်နဝါရီ ၇ ရက် ည ၇ နာရီခန့်တွင် PDFအမည်ခံအကြမ်းဖက်သမားများ ရောက်ရှိလာပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသည်။

### လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်

အထက်ပါဖြစ်စဉ်တွင် ဆရာတော်နှင့် ဖခင်ဖြစ်သူတို့အား ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အမြန်ဆုံးဖမ်းဆီးရမိရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများအနေဖြင့် မြန်မာနိုင်ငံသား အများစုကိုးကွယ်ရာဖြစ်သော ဗုဒ္ဓဘာသာ၏ ရဟန်းသံဃာများကို ယခုကဲ့သို့ သတ်ဖြတ်နေမှုများကို ပြည်သူတစ်ရပ်လုံး အနေဖြင့် ဝိုင်းဝန်းပူးပေါင်းကာကွယ်သွားကြရန် လိုအပ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

ရသူဖြစ်ကြောင်း၊ ဦးဇဝနနှင့် ပူးပေါင်း၍ ငွေကြေးလိမ်လည်ထားသူဖြစ်ကြောင်း သိရှိရသည်။

စိစစ်ချက်များအရ ဦးဇဝန(ခ) ဇာနည်ကိုကိုသည် လိင်တူဆက်ဆံခြင်းကို ဝါသနာပါသူ တစ်ဦးဖြစ်ကြောင်း တွေ့ရှိရပြီး ၂၀၀၂ ခုနှစ်တွင် ကိုရင်ဘဝမှ ၂၀၂၁ ခုနှစ်အထိ ၎င်းနှင့်ရင်းနှီးကျွမ်းဝင်သူ ကပ္ပိယလူငယ်ငါးဦးနှင့် လိင်တူဆက်ဆံခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

ဦးဇဝန(ခ)ဇာနည်ကိုကိုသည် သာသနာ့အရေခြုံကာ သံဃာ့ဝိနည်းနှင့်မညီသော လောင်းကစားမှုပြုလုပ်ခြင်း၊ သဘာဝနှင့်ဆန့်ကျင်၍ လိင်တူဆက်ဆံခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် သွေးထိုးလှုံ့ဆော်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် ဘာသာ သာသနာ ညှိုးနွမ်းစေရန် ပြုလုပ်ခဲ့သည့် အတွက် ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၅၊ ၅၀၅-က၊ လောင်းကစားဥပဒေတို့ဖြင့် ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**

❊ ***ကျောဖုံးမှ***

မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက် ၃၆ လမ်းရှိ မြို့နယ်ပညာရေးမှူးရုံးကို ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သူ အမျိုးသားနှစ်ဦးက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ခြင်းကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အသုံးအဆောင်ပစ္စည်းအချို့ ပျက်စီးခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ရွာသစ်ကုန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းရှေ့၌ အကြမ်းဖက်သမားများက လက်လုပ်မိုင်းနှစ်လုံးဖြင့် ဖောက်ခွဲခဲ့ရာ ပေါက်ကွဲမှုကြောင့် ဦးအောင်သူ (၃၂နှစ်) (ဘ) ဦးထွန်းရှင်တွင် ဝဲ/ယာမျက်လုံးအနီး မိုင်းစထိမှန်ဒဏ်ရာတစ်ချက်၊ ဝမ်းဗိုက်မိုင်းစထိမှန်ဒဏ်ရာတစ်ချက်၊ ဝဲလက်ဖျံမိုင်းစထိမှန်ဒဏ်ရာ တစ်ချက်တို့ ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာကို အသေးစိတ်စစ်ဆေးခဲ့ရာ ဒန်အိုးဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံး၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်လုံးတို့အား ထပ်မံတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ခင်ဦးမြို့နယ် ရွာသစ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှေ့၌ မပေါက်ကွဲသေးဘဲ သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းများကို သက်မဲ့ပြုလုပ်ထားစဉ်။**

# ထိုင်းနိုင်ငံ၌ ကူးစက်မှုများ များပြားလာသဖြင့် ကန့်သတ်ချက်များ တင်းကျပ်လာ

ဘန်ကောက် ဇန်နဝါရီ ၈

**ထိုင်းနိုင်ငံ၌ ဒီဇင်ဘာ ၇ ရက်က ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၇၅၀၀ ကျော်ထပ်မံတွေ့ရှိခဲ့သည်ဟု သိရသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ်ကူးစက်မှုများမှာ ၂၀၀၀ မှ ၃၀၀၀ အကြားတွင်သာရှိခဲ့သည်။ အစိုးရသည် အပြည်ပြည်ဆိုင်ရာမှ ထိုင်းနိုင်ငံသို့ ဝင်ရောက်လာသူများ မဖြစ်မနေ အသွားအလာစောင့်ကြည့်ကန့်သတ်မှုခံယူရန် အမိန့်ထုတ်ခဲ့သည်။**



ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ခေါင်ဆန်လမ်းတွင် ဇန်နဝါရီ ၆ ရက်က ကိုဗစ်-၁၉ စစ်ဆေးပေးစဉ်။

အဆိုပါ ကန့်သတ်ချက်ကို နိုဝင်ဘာလအတွင်းကတည်းက ဖယ်ရှားပေးပြီးဖြစ်သော်လည်း ယခုကူးစက်မှုများ တိုးလာသည့်အတွက် ပြန်လည်လုပ်ဆောင်ရခြင်းဖြစ်သည်။ ယခင်က ဇန်နဝါရီ ၁၆ ရက်တွင် နိုက်ကလပ်များနှင့် ယမကာဆိုင်များကို ပြန်လည် ဖွင့်လှစ်မည်ဟု ရက်သတ်မှတ်ထားသော်လည်း ယခုအခါ ရက်ရွှေ့ဆိုင်းထားသည်ဟု သိသည်။ ဘန်ဘောက်မြို့၌ အရက်ရောင်းချသည့် ဆိုင်များမှာ ည ၉ နာရီအထိသာ ရောင်းချခွင့်ပေးထားသည်။ ယခုလမကုန်မီအချိန်အထိ နေအိမ်တွင်သာအလုပ်လုပ်ကြရန် အစိုးရရုံးများနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ အလုပ်သမားများကို အာဏာပိုင်များက တိုက်တွန်း ထားသည်။

အင်န်အိတ်ချ်ကေ

# ဂျာမနီနိုင်ငံ၌ ရောဂါကြောင့် သီးခြားကန့်သတ်ထားသည့်ကာလကို လျှော့ချပေးမည်

**ဘာလင် ဇန်နဝါရီ ၈**

ဂျာမနီနိုင်ငံသည် ကိုဗစ် -၁၉ တိုက်ဖျက်ရေး လှုပ်ရှားမှုအဖြစ် စားသောက်ဆိုင်များနှင့် ယမကာဆိုင်များသို့ သွားရောက်ခြင်းကို ကန့်သတ်ချက်များ တိုးမြှင့်လျက်ရှိသည်။ ထို့ပြင် ရောဂါကြောင့် သီးခြားထား အသွားအလာကန့်သတ်ထားသည့်ကာလကိုလည်း လျှော့ချပေးခဲ့သည်ဟု သိရသည်။ ဟိုတယ်များအပါအဝင် ဝန်ဆောင်မှုပေးသည့်နေရာများသို့ ပြည်သူများ သွားလာပါက ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးထားကြောင်း အပြင် ကိုဗစ် -၁၉ ကင်းစင်ကြောင်း ဆေးစစ်ချက်ကိုပါ ပြသရမည်ဟု ဂျာမနီဝန်ကြီးချုပ် အိုလတ်ဖ်ရှို့ဇ်က ဇန်နဝါရီ ၇ ရက်တွင် ပြောသည်။



ဂျာမနီနိုင်ငံ၌ ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးစဉ်။

ကာကွယ်ဆေးအပိုဆောင်းထိုးထားကြသူများအတွက် ကိုဗစ်-၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်ပြသရန် မလိုအပ်ပေ။ ရောဂါကူးစက်ခံရသူများနှင့်ထိတွေ့မိသူများကိုသီးခြားထား အသွားအလာကန့်သတ်သည့်ကာလကိုလည်း လျှော့ချပေးမည်ဟု ၎င်းက ကြေညာခဲ့သည်။ လက်ရှိတွင် အိုမီခရွန် ကူးစက်ခံရသူနှင့်ထိတွေ့မိပြီးနောက် ဆေးစစ်ချက်တွင် ရောဂါကူးစက်ခံထားရခြင်းမတွေ့ရှိပါက အသွားအလာကန့်သတ်သည့်ကာလကို ၁၄ ရက် သတ်မှတ်ထားရာမှ ၇ ရက်အထိ လျှော့ချပေးမည်ဟု သိရသည်။ ကာကွယ်ဆေးနှစ်ကြိမ်အပြင် နောက်ထပ်ထပ်မံထိုးထားသူများမှာ အသွားအလာစောင့်ကြည့် ကန့်သတ်ခံရန် မလိုအပ်ပေ။ ကူးစက်မြန်အိုမီခရွန်ကူးစက်မှုများ ရှိနေစဉ်အတွင်း အသွားအလာ ကန့်သတ်ခံရမှုများကြောင့် ကျန်းမာရေးစနစ်တွင် ဝန်ပိလာမှုများ ရှိလာမည်ကိုစိုးရိမ်သည့်အတွက် ယခုလို ပြင်ဆင်ပေးခဲ့ခြင်းဖြစ်သည်။ ကာကွယ်ဆေးထိုးခြင်း၊ လူအချင်းချင်း ထိတွေ့မှုများကို ရှောင်ရှားခြင်းဖြင့် တိုင်းပြည်ကို ကူးစက်မှုအန္တရာယ်မှ ကင်းလွတ်အောင် ကူညီပေးကြရန်လည်း ဝန်ကြီးချုပ်က တောင်းဆိုခဲ့သည်။ ဂျာမနီနိုင်ငံ၌ မကြာသေးမီအချိန်မှစတင်ကာ နေ့စဉ်ကူးစက်မှုမှာ ၆၀၀၀၀ ဝန်းကျင်အထိ ရှိလာခဲ့သည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်၌ အလုပ်လက်မဲ့နှုန်းမှာ ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ အနိမ့်ဆုံးဖြစ်

**နယူးယောက် ဇန်နဝါရီ ၈**

အမေရိကန်၌ အလုပ်လက်မဲ့နှုန်းမှာ ကပ်ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ အနိမ့်ဆုံးပမာဏဖြစ်သည်ဟု သိရသည်။ ဒီဇင်ဘာလအတွက် အလုပ်အကိုင်အစီရင်ခံစာကို အလုပ်သမားဌာနက ဇန်နဝါရီ ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ဒီဇင်ဘာလအတွက် အလုပ်လက်မဲ့နှုန်းမှာ ၃ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး နိုဝင်ဘာလတွင်း အလုပ်လက်မဲ့နှုန်းမှာ ၄ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလ ကပ်ရောဂါစတင်ဖြစ်ပွားစဉ်တွင် အလုပ်လက်မဲ့နှုန်းမှာ ၁၄ ဒသမ ၇ ရာခိုင်နှုန်း ရှိသည်။

လွန်ခဲ့သည့်လအတွင်း စီးပွားရေးလုပ်ငန်းများတွင် အလုပ်အကိုင် ၁၉၉၀၀၀ ခန့်ထားပေးနိုင်ခဲ့သည်ဟု အစီရင်ခံစာအရ သိရသည်။ စီးပွားရေးပညာရှင်များ ခန့်မှန်းထားသည့် အလုပ်အကိုင် ၄၀၀၀၀၀ ထက်လျော့နည်းနေသေးသည်။ သို့သော်လည်း အခြားသောအချက်အလက်များအရ အလုပ်အကိုင်ဈေးကွက်မှာ အကောင်းဘက်သို့ ဦးတည်လာသည်ဟု သိရသည်။ လူအများအပြားမှာ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်ရရှိရန် အလုပ်မှစွန့်ခွာမှုများရှိလာသည့်အတွက် လုပ်ခငွေပေးချေမှုမှာလည်း သိသိသာသာ မြင့်မားလာခဲ့သည်။ လုပ်ငန်းရှင်များအတွက် အလုပ်သမားရရှိရေး ယှဉ်ပြိုင်လာရသည်။ အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင် ၎င်း၏စီးပွားရေးအစီအစဉ်မှာ အလုပ်ဖြစ်နေကြောင်း အလုပ်အကိုင်အစီရင်ခံစာက သက်သေပြလျက်ရှိပြီး အမေရိကန်၌ လုပ်ငန်းများ ပြန်လည်စတင်နေပြီဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# ဩစတြေးလျနိုင်ငံ၌ နေ့စဉ် ကိုဗစ် -၁၉ ကူးစက်မှု တစ်သိန်း ကျော်လွန်

**ဆစ်ဒနီ ဇန်နဝါရီ ၈**

ဩစတြေးလျနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုမှာ ဇန်နဝါရီ ၈ ရက်တွင် ၁၀၀၀၀၀ ကျော်လွန်လာပြီး ၂၀၂၀ ပြည့်နှစ် တိုင်းပြည်အတွင်း ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ အများဆုံးပမာဏဖြစ်ကြောင်း သိရသည်။ လူဦးရေထူထပ်သည့် ပြည်နယ်ကြီး သုံးခုတွင်လည်း နေ့စဉ်ကူးစက်မှုမှာ စံချိန်တင်မြင့်မားလျက်ရှိကြောင်း သိရသည်။ နယူးဆောက်ဝေးပြည်နယ်မှာ လက်ရှိတွင် ကူးစက်မှု၏ဗဟိုချက်မနေရာဖြစ်နေပြီး ပြီးခဲ့သည့် ၂၄ နာရီအတွင်း နောက်ထပ်ကူးစက်ခံရသူ ၄၅၀၉၈ ဦး ထပ်တိုးလာခဲ့သည်။ နေ့စဉ်ကူးစက်မှုနှုန်းမှာ ပထမဆုံးအကြိမ်အဖြစ် ၄၀၀၀၀ ထိရှိလာခြင်းဖြစ်သည်။ ဆေးရုံတက်ရသူဦးရေမှာလည်း ၁၇၉၅ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၁၄၅ ဦး ရှိလာသည်။ ဗစ်တိုးရီးယား ပြည်နယ်၌ ဇန်နဝါရီ ၇ ရက်က ကူးစက်ခံရသူ ၂၁၇၂၈ ဦးရှိခဲ့ရာမှ ဇန်နဝါရီ ၈ ရက်တွင် ၅၁၃၅၆ ဦးအထိရှိလာခဲ့သည်ဟု သိရသည်။ ဆင်ဟွာ




ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ ဆေးခန်းတစ်ခုရှေ့တွင် ဆေးစစ်မှုခံယူရန်စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

# အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ အမိုးပြိုကျ ကလေးငယ်တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရ

**ကဘူးလ် ဇန်နဝါရီ ၈**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း လာ့ဂ်မန်စီရင်စု၌ ဇန်နဝါရီ ၇ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားသည်။ ထိုသို့မိုးရွာသွန်းခြင်းကြောင့် ရွှံ့ဖြင့်ဆောက်လုပ်ထားသောနေအိမ်မှ အမိုးပြိုကျမှုဖြစ်ပွားရာ ငါးဦးဒဏ်ရာရရှိပြီး အသက်ငါးနှစ်အရွယ် ကလေးတစ်ဦး သေဆုံးကြောင်း ဇန်နဝါရီ ၈ ရက် ဒေသတွင်းသတင်းအရင်းအမြစ်ထံမှ သိရသည်။


ဇန်နဝါရီ ၇ ရက် ညသန်းခေါင်ယံအချိန်တွင် မက်တာလန်မြို့၏ အစွန်အဖျားဖြစ်သော ကမ်ဘာဘာဒေသ ဆင်းရဲနွမ်းပါးသော ဧရိယာရှိ နေအိမ်တစ်လုံးမှာ အမိုးပြိုကျမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ဒေသတွင်း အုပ်ချုပ်ရေးအဖွဲ့၏ အကြီးအကဲဖြစ်သူ အဗ္ဗဒူရာမန်ဇိုင်ယာက ပြောသည်။

အမိုးပြိုကျမှုဖြစ်ပွားခြင်းကြောင့် စိုးရိမ်ရသည့် ဒဏ်ရာရရှိသောသူများကိုလည်း ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသများရှိ ဈေးဆိုင်များနှင့် အိမ်များမှာ ရွှံ့များနှင့် သစ်သားများကို အဓိကထား ဆောက်လုပ်ထားခြင်းဖြစ်သည့်အတွက် ယခုကဲ့သို့ အမိုးပြိုကျခြင်းမှာ မကြာခဏဖြစ်ပွားလေ့ရှိသည်ဟု သိရသည်။ ဆင်ဟွာ

# အိုမီခရွန်ကြောင့် နောက်ထပ် ကိုဗစ်-၁၉ လှိုင်းဂယက် ထပ်မံရိုက်ခတ်ခံနေရတဲ့ အမေရိကန်

ထွန်းကျော်




အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီရှိ ကိုဗစ်-၁၉ အခမဲ့စမ်းသပ်စစ်ဆေးရာနေရာတစ်ခုကိုတွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုမှာ ကလေးငယ်တွေ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပိုများလာတဲ့အတွက် ကျောင်းတွေကို အဝေးသင်ပုံစံမျိုး ပြန်လည်စတင်နေသလို လေကြောင်းလိုင်းတွေကိုလည်း ဖျက်သိမ်းလိုက်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ မြင့်တက်လာခြင်းက အမေရိကန်ပြည်ထောင်စုကို ဖရိုဖရဲဖြစ်စေပါတယ်။ ထို့အတူ လူမှုဝန်းကျင်အခြေအနေတွေကိုလည်း ကမောက်ကမဖြစ်စေပါတယ်။

**မှတ်တမ်းသစ်တင်**

ဇန်နဝါရီ ၅ ရက်က အမေရိကန်ပြည်ထောင်စုတစ်ဝန်း ကိုဗစ်-၁၉ နဲ့ ဆေးရုံတက်ရောက်ရတဲ့ကလေးအရေအတွက် ၄၀၀၀ ကျော်လာပါတယ်။ ဒီအရေအတွက်ဟာ ဒယ်လ်တာကိုရိုနာဗိုင်းရပ်စ်ကြောင့် နွေရာသီမှာ အမြင့်ဆုံးဖြစ်ခဲ့တဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက်ကို ကျော်လွန်ခဲ့ပြီး မှတ်တမ်းသစ်တင်ခဲ့တဲ့ အရေအတွက်ဖြစ်ပါတယ်။

သီတင်းပတ်နှစ်ပတ် မပြည့်ခင်မှာ ဒီလိုအရွယ်ကလေးတွေမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အရေအတွက်ဟာ ရုတ်တရက် မြင့်တက်ခဲ့ပါတယ်။ ခရစ်စမတ်နေ့မှာ ကလေးငယ် ၂၀၀၀ အောက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ဆေးရုံတင်ခဲ့ရပါတယ်။ အခု ဇန်နဝါရီ ၅ ရက်နေ့မှာတော့ ဆေးရုံတင်ရတဲ့ ကလေးငယ်ပေါင်းဟာ ၄၀၀၀ ကျော်ခဲ့ပါတယ်။ ဒီကိန်းဂဏန်း အခြေအနေကို ကြည့်ခြင်းအားဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေတဲ့ အရေအတွက်ဟာ အတော်လေး မြင့်တက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

**ကိုဗစ်-၁၉ ကာကွယ်ဖို့အရေးကြီး**

အသက် ၁၂ နှစ်ကနေ အသက် ၁၇ နှစ် အသက်အရွယ်အုပ်စုအတွင်းမှာရှိတဲ့ ကလေးတွေအတွက် ဖိုက်ဇာ-ဘီရွန်တက်ခ် ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုကို ထောက်ခံပေးထားပါတယ်။

မိမိတို့ရဲ့ကလေးတွေနဲ့ ဆယ်ကျော်သက်တွေကို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုက ကာကွယ်ဖို့ အရေးကြီးတယ်လို့ အမေရိကန် ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးစင်တာ(စီဒီစီ) ညွှန်ကြားရေးမှူး ရိုချယ်လီဝယ်လန်စကီက ပြောကြားလိုက်ပါတယ်။

စီဒီစီက အမေရိကန်တွေအနေနဲ့ အပျော်စီးသင်္ဘောတွေနဲ့ ခရီးသွားလာမှုကို ရှောင်ရှားဖို့ ပြောကြားခဲ့ပါတယ်။ မကြာသေးမီ သီတင်းပတ်အတွင်းမှာ ကူးစက်မြန် အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားမှု ရုတ်တရက်မြင့်တက်လာပြီးနောက်မှာ အေဂျင်စီရဲ့ အမြင့်ဆုံးကိုရိုနာဗိုင်းရပ်စ်သတိပေးချက်တွေ ထွက်ပေါ်လာခဲ့တာပဲ ဖြစ်ပါတယ်။

**ဝေဖန်မှုတွေမြင့်တက်**

သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ မြင့်တက်လာမှုနဲ့အတူ အပျော်စီးသင်္ဘောတွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံမှုနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေလည်း မြင့်တက်လာခဲ့ပါတယ်။ သင်္ဘောပေါ်မှာလည်း ကိုဗစ်-၁၉ ကင်းစင်ရေး ဘေးကင်းလုံခြုံတဲ့ဆောင်ရွက်ချက်တွေ လုပ်ဖို့လိုတဲ့အပြင် ခရီးမထွက်ခွာခင် ကိုဗစ်-၁၉ စစ်ဆေးရေးနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို လုပ်ဆောင်ဖို့လိုပါတယ်။

အပျော်စီးသင်္ဘောလုပ်ငန်းဖြစ်တဲ့ အပျော်စီးသင်္ဘောလိုင်း အပြည်ပြည်ဆိုင်ရာအဖွဲ့က စီဒီစီရဲ့ သတိပေးချက်ကို စိတ်ရှုပ်စရာအဖြစ် ပြောကြားလိုက်ပြီး သင်္ဘောပေါ်မှာတွေ့တဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ကုန်းပေါ်မှာတွေ့တဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုထက် အပုံကြီးနည်းတယ်လို့ ပြောကြားခဲ့ပါတယ်။

**ဗိုင်းရပ်စ်ကို နေ့စဉ်နေထိုင်မှုဘဝမှာ လက်ခံဖို့ ပြင်ဆင်ထားကြရမယ်**

တချို့ အပျော်စီးသင်္ဘောလိုင်းကြီးတွေကတော့ သင်္ဘောပေါ်မှာတွေ့တဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေကို လူသိရှင်ကြား ထုတ်ဖော်မပြောကြားပါဘူး။ သို့သော်လည်း စီဒီစီကိုတော့ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသတင်းတွေ ပေးပို့ခဲ့ပါတယ်။ စီဒီစီဟာ အပျော်စီးသင်္ဘောပေါင်း ၉၀ ကျော်ကို ထိန်းသိမ်းဆောင်ရွက်နေတယ်လို့ သိရပါတယ်။

အမေရိကန်ပြည်ထောင်စုတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ မြင့်တက်လာတဲ့အတွက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နဲ့ သူ့အစိုးရအဖွဲ့ဟာ ဗိုင်းရပ်စ်ကို နေ့စဉ် နေထိုင်မှုဘဝမှာ လက်ခံသွားဖို့ ပြင်ဆင်ထားကြရမယ်လို့ ပြောကြားခဲ့ပါတယ်။

**အွန်လိုင်းပညာသင်ကျောင်းတွေပြန်များလာ**

ကူးစက်မြန် အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှု ကြမ်းကြမ်းတမ်းတမ်းထပ်မံဖြစ်ပေါ်လာချိန်မှာ ဘိုင်ဒင်က အခုလို ပြောကြားလိုက်တာပဲဖြစ်ပါတယ်။ အွန်လိုင်းနဲ့ ပညာသင်ကြားတဲ့ကျောင်းအရေအတွက်ဟာလည်း တဖြည်းဖြည်းနဲ့ ပြန်လည်များပြားလာပြီဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းအများစုဟာလည်း ဝန်ထမ်းပြတ်လပ်မှုကြောင့် အတော်လေး အထိနာနေခဲ့ပါပြီလို့ ဘိုင်ဒင်ရဲ့သတင်းစကားမှာ ပြောကြားထားပါတယ်။

**နောက်ထပ်လှိုင်းဂယက်ကို ခံစားနေရ**

ဇန်နဝါရီ ၆ ရက်နေ့ဟာ လေကြောင်းလိုင်း ၁၀၀၀ ကျော် ဖျက်သိမ်းလိုက်တဲ့ ၁၂ ရက်မြောက်နေ့ဖြစ်ပါတယ်။ ထို့အတူ အမေရိကန်ပြည်နယ်အများစုက ကိုဗစ်-၁၉ စစ်ဆေးမှုတွေ ရပ်တန့်သွားခြင်းက ပြည်သူတွေကို ကျောင်းတွေနဲ့ လုပ်ငန်းခွင်ကို ပုံမှန်အတိုင်းပြန်သွားဖို့ ပိုပြီးခက်ခဲစေတယ်လို့ ပြောခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ ခုနစ်ရက်တာအတွင်း ပျမ်းမျှ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ၄၉၁၇၀၀ နီးပါး မြင့်တက်လာခဲ့ပါတယ်။ ဒါဟာ လွန်ခဲ့တဲ့သီတင်းပတ်ကထက် ၉၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် အမေရိကန်ပြည်ထောင်စုဟာ အိုမီခရွန်ကြောင့် နောက်ထပ် ကိုဗစ်-၁၉ လှိုင်းဂယက် ထပ်မံရိုက်ခတ်ခြင်းကို ဆိုးရွားစွာ ခံစားနေရပြီဖြစ်ပါတယ်။ ။

ကိုးကား-ဆင်ဟွာ

❖ **အမေရိကန်ပြည်ထောင်စုတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ မြင့်တက်လာတဲ့အတွက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နဲ့ သူ့အစိုးရအဖွဲ့ဟာ ဗိုင်းရပ်စ်ကို နေ့စဉ် နေထိုင်မှုဘဝမှာ လက်ခံသွားဖို့ ပြင်ဆင်ထားကြရမယ်လို့ ပြောကြားခဲ့ပါတယ်။ ကူးစက်မြန် အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှု ကြမ်းကြမ်းတမ်းတမ်း ထပ်မံဖြစ်ပေါ်လာချိန်မှာ ဘိုင်ဒင်က အခုလို ပြောကြားလိုက်တာပဲဖြစ်ပါတယ်။**

## ဇန်နဝါရီ ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၄ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၂ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၉၀ ရှိ

(၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ/ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၁၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၄) ဦး တွေ့ရှိရ**ပါသည်။ ထို့ကြောင့် ယနေ့အတွက် **ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂၀) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၂၂,၉၅၄) ခုအား စစ်ဆေးခဲ့ပြီး **ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၁,၉၂၅) ဦး** ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၉၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၉,၉၅၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် **ထပ်မံသေဆုံးသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၉၀) ဦး** ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၈–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၄၄၁) ခု | (၂၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၄၀) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၅) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၂) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၅) ခု | |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၃၉) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၃၅) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၉၄၄) ခု | (၈၇) ဦး |
| **စုစုပေါင်း** | (၁၀,၃၁၁) ခု | (၁၂၄) ဦး |

- ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးဝင်ရောက်ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် (၈–၁–၂၀၂၂) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ အတည်ပြုလူနာစုစုပေါင်း (၅၅၂,၁၉၁) ဦးနှင့် သေဆုံးသူ (၁၁၅) ဦး ရှိပြီး ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံ/ ဒေသပေါင်း (၁၅၀) ခုအထိ ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်–၁၉ရောဂါပိုးနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၈-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၀၄၆၄၄၂၆ | ၄၂၁၇၂၂၅၁ | ၈၅၈၃၄၆ |
| ၂။ | အိန္ဒိယ | ၃၅၃၆၈၃၇၂ | ၃၄၄၁၂၇၄၀ | ၄၈၃၄၆၃ |
| ၃။ | ဘရာဇီး | ၂၂၄၅၀၂၂၂ | ၂၁၅၆၇၈၄၅ | ၆၁၉၈၇၈ |
| ၄။ | ဗြိတိန် | ၁၄၁၉၃၂၂၈ | ၁၀၆၆၈၆၄၈ | ၁၄၉၇၄၄ |
| ၅။ | ပြင်သစ် | ၁၁၅၁၁၄၅၂ | ၈၄၅၂၁၇၀ | ၁၂၅၂၀၆ |
| ၆။ | ရုရှား | ၁၀၆၃၄၆၀၃ | ၉၆၆၆၁၆၁ | ၃၁၅၄၀၀ |
| ၇။ | တူရကီ | ၉၈၅၀၄၈၈ | ၉၂၄၆၈၆၆ | ၈၃၃၈၈ |
| ၈။ | ဂျာမနီ | ၇၄၅၈၃၉၆ | ၆၆၉၂၇၀၀ | ၁၁၄၄၉၁ |
| ၉။ | စပိန် | ၇၁၆၄၉၀၆ | ၅၁၄၅၈၈၀ | ၈၉၉၃၄ |
| ၁၀။ | အီတလီ | ၇၀၈၃၇၆၂ | ၅၂၇၀၉၉၄ | ၁၃၈၆၉၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၈- ၁ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၅၆၆၆ | ၄၁၁၅၇၄၇ | ၁၄၄၁၂၇ |
| ဖိလစ်ပိုင် | ၂၉၃၆၈၇၅ | ၂၇၈၂၇၂၃ | ၅၂၁၃၅ |
| မလေးရှား | ၂၇၈၀၀၈၀ | ၂၇၀၈၇၃၉ | ၃၁၆၄၄ |
| ထိုင်း | ၂၂၆၁၀၃၉ | ၂၁၉၁၂၆၂ | ၂၁၈၀၃ |
| ဗီယက်နမ် | ၁၈၇၆၃၉၄ | ၁၄၈၈၀၃၈ | ၃၄၁၁၇ |
| မြန်မာ | ၅၃၁၉၂၅ | ၅၀၉၉၅၀ | ၁၉၂၉၀ |
| စင်ကာပူ | ၂၈၃၉၉၁ | ၂၇၇၇၅၉ | ၈၃၇ |
| ကမ္ဘောဒီးယား | ၁၂၀၅၉၁ | ၁၁၇၀၀၃ | ၃၀၁၅ |
| လာအို | ၁၁၇၉၅၆ | ၁၁၀၄၃၆ | ၄၃၀ |
| ဘရူနိုင်း | ၁၅၅၉၇ | ၁၅၃၅၀ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ




တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ


# အမျိုးသားစာပေဆု၊ တစ်သက်တာဆုရှင် (စာရေးဆရာ) ဆုရ ဆရာဖိုးကျော့၏ စာပေ အနုပညာရှင်ဘဝ

## ကြည်ကြည်ဝင်း(စာပေဗိမာန်)

**ဘဝတစ်လျှောက်လုံး စာပေရေးသားခြင်း၊ စာပေသုတေသနပြုခြင်း၊ နိုင်ငံအကျိုးပြု စာပေဆိုင်ရာနှင့် အနုပညာဆိုင်ရာလုပ်ငန်းများကို အလေးထားဆောင်ရွက်ခြင်း၊ လေးစားထိုက်သော စာပေလက်ရာအများအပြား ရေးသားပြုစုထားသူဖြစ်ခြင်း စသည့် မြန်မာစာပေဖွံ့ဖြိုးရေးကို တစိုက်မတ်မတ်ပြုလုပ်လျက် မြန်မာစာပေဖွံ့ဖြိုးရေးကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်လျက်ရှိသည့် စာရေးဆရာကြီးများ၊ ပညာရှင်ကြီးများအား "အမျိုးသားစာပေ တစ်သက်တာဆု"အဖြစ် နိုင်ငံတော်အစိုးရက ၂၀၀၁ ခုနှစ်မှစတင်လျက် နှစ်စဉ် စာဆိုတော်နေ့တွင် ချီးမြှင့်ပေးလျက်ရှိသည်။**






၂၀၁၇ ခုနှစ်အတွက်အမျိုးသားစာပေ တစ်သက်တာဆုကို စာရေးဆရာကြီး ဖိုးကျော့နှင့် စာပေပညာရှင် တစ်သက်တာဆုကို ဆရာကြီးဦးထွန်းရီ(ရှေးဟောင်းသုတေသီ)တို့ကို ရွေးချယ်ချီးမြှင့်ခဲ့သည်။ ဆုချီးမြှင့်ခံရစဉ်က ဆရာကြီးဖိုးကျော့၏ အသက်မှာ ၇၉ နှစ်အရွယ်ဖြစ်ပါသည်။

ဆရာကြီးဖိုးကျော့ကို ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်း ကျောက်ဖြူမြို့နယ် ချောင်းဝရွာ၌ ဖခင်ဖြစ်သူ တိုင်းရင်းဆေးဆရာ ဦးဘောက်ဖြူ(စာတော်ဖတ်)နှင့် အမိ ဒေါ်ချက်တောင်းမတို့မှ ၄-၈-၁၉၄၀ ရက်တွင် မွေးဖွားသည်။ မွေးချင်းကိုးယောက်ရှိပြီး ဆရာကြီးသည် တတိယမြောက် ဖြစ်ပါသည်။ အမည်ရင်းမှာ ဖိုးကျော့ပင်ဖြစ်ပြီး နိုင်ငံသားကတ်တွင်မူ ဦးမြင့်လွင်ဖြစ်ပါသည်။

**စာပေအနုပညာ ဗီဇမျိုးစေ့သန္ဓေ စတင်တွယ်ငြိလာပုံ**

ဆရာကြီးသည် ငယ်စဉ်တောင်ကျေးကလေးဘဝတွင် အဖိတ်နေ့နှင့် ဥပုသ်နေ့များ၌ ရွာဦးဘုန်းတော်ကြီးကျောင်းသို့ မိဘများ ဥပုသ်သီလဆောက်တည်ရာတွင် အတူ လိုက်ပါလေ့ရှိသည်။ ဆရာကြီး၏ ဖခင်သည် ဘုန်းတော်ကြီးကျောင်းတွင် ဥပုသ်သီလ ဆောက်တည်ရန်လာသော ရွာသူ၊ ရွာသားများအား ဇာတ်နိပါတ်များ ဖတ်ပြလေ့ရှိသည်။ သံချောင်းကို ချွန်ထက်နေအောင် သွေးထားသော ကညစ်တံဖြင့် ပေပေါ်တွင် ရေးသားထားသော ရခိုင်လက်ရာကြီးများဖြင့် သီကုံးထားသည့် ဇာတ်ကြီးဆယ်ဘွဲ့၊ ဗုဒ္ဓဝင်၊ မဟာဝင် စသည်တို့ကို ဖတ်ရှုပြကာ သီလတရား၌ ပိုမို နှစ်သက်စေရန် လုပ်ဆောင်ပေးခဲ့သည်။

ဆရာကြီး၏ဖခင်သည် ရဟန်းဝတ်ဖူး၍ စာတော်ဖတ်အဖြစ် ဗုဒ္ဓဘာသာတရားတော်များ၌ ရွာသူရွာသားများ ပိုမိုယုံကြည် သဒ္ဓါတရားပွားများစေရန် ဖတ်ရှုရှင်းလင်းပေးခဲ့ပါသည်။ ဆရာကြီး၏ ဖခင်သည် တိုင်းရင်းဆေးဆရာအဖြစ်လည်း ရပ်ရွာရှိလူများကို ဆေးကုပေးလေ့ရှိသဖြင့် ရပ်ရွာက ဆေးဆရာ၊ စာဖတ်တတ်၊ စာတော်ဖတ် စသည်ဖြင့် ခေါ်လေ့ရှိကြသည်။ အမည်ရင်းကို မည်သူမျှ မခေါ်ကြပါ။

ဆရာကြီးသည် ကိုးနှစ်သား၊ ဆယ်နှစ်သားအရွယ် ကလေးဘဝကပင် ဖခင်ဖြစ်သူက ဥပုသ်သည်များအား ဒါနတရား၊ သီလတရားတို့၌ ယုံကြည်မှုသဒ္ဓါ ပိုမိုဖြစ်ပေါ်အောင် ဖတ်ကြားပြသည့် ဇာတ်ကြီးဆယ်ဘွဲ့၊ ဗုဒ္ဓဝင်တို့ကို စူးစူးစိုက်စိုက် နားထောင်ရာ၌ ဝါသနာထုံခဲ့သည်။ အခြားသော ဥပုသ်သည်ရွာသူရွာသားများ၏ သားသမီးများကဲ့သို့ ကျောင်းအောက်သို့သွား၍ ဂျင်ပေါက်ခြင်း၊ ဒိုးပစ်ကစားခြင်းများ မပြုလုပ်ခဲ့ပေ။ ဆရာကြီး၏ ဖခင်ဖြစ်သူ ဖတ်ပြသည့် ဇာတ်တော်များကိုသာ နှစ်နှစ်ခြိုက်ခြိုက် နားထောင်လေ့ရှိသည်။ ဇာတ်ကောင်အမျိုးမျိုးနေရာ၌ သက်ဝင်ခံစားကာ နားထောင်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ဖခင်ကြီးပြောကြားသောဇာတ်တော်တို့ကို နားထောင်ရင်း ဇာတ်ကောင်တစ်ဦးချင်းနေရာသို့ ဝင်ရောက်ခံစား တတ်သည့် အလေ့အထုံကပင် ဆရာကြီးအား တိရစ္ဆာန်ဇာတ်ကောင်၊ လူဇာတ်ကောင်တို့ကို ပေါ်လွင်အောင် ရေးဖွဲ့တတ်သည့် ဝတ္ထုရေးဆရာတစ်ဦးဖြစ်ရန် ဦးတည်ပေးနေတော့သည်။ ဆရာကြီး၏ စာပေအနုပညာ ဗီဇမျိုးစေ့သည် ငယ်ရွယ်နုနယ်စဉ် ကလေးဘဝကပင် ဤကဲ့သို့ စတင်ဖြစ်တည်လာခဲ့သည်။ ဆရာကြီး၏ဖခင်သည် ဆရာကြီးအား စာပေအနုပညာ လမ်းကြောင်းပေါ် ရောက်ရှိစေရန် လမ်းပြပေးခဲ့သည်။ ဖခင်ကြီးထံမှ စာပေအနုပညာဗီဇသည် ဆရာကြီးထံသို့ ရောက်ရှိလာသည်။

**ဘုန်းတော်ကြီးကျောင်းသားဘဝ**

ဆရာကြီးမွေးဖွားကြီးပြင်းခဲ့ရာ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ချောင်းဝရွာလေးသည် ဝေးလံခေါင်းပါးသော အရပ်ဒေသဖြစ်သည့်အတွက် ပညာသင်ရာတွင်လည်း ခဲခဲယဉ်းယဉ်း သင်ယူခဲ့ရသည်။ ဆရာကြီးတို့ရွာကို လွန်လျှင် ဘင်္ဂလားပင်လယ်အော်သာ ရှိတော့သည်။ မဖွံ့ဖြိုး မတိုးတက်သောဒေသဖြစ်၍ ထိုစဉ်က ကျောက်သင်ပုန်းနှင့် ကျောက်တံကိုပင် မမြင်ဖူးခဲ့ပါ။ ဆရာကြီးတို့ရွာတွင် လျှော်သားမီးသွေးအထပ်ထပ် အစာတင်ထားသော သင်ပုန်းပေါ်တွင် ကံ့ကူဆံခေါ် မြေကြီးမှထွက်သော စာရေး၍ရသည့် မြေဖြူတောင့်ကဲ့သို့ အချောင်းအဆန်လေးဖြင့် စာရေးသားခဲ့ရသည်။ ဆရာကြီးတို့ ကျောင်းသားဘဝက လျှော်သားမီးသွေးရရန် ကိုယ်တိုင်ပြုလုပ်ရပါသည်။ ဆရာကြီးတို့ရွာသည် တောတောင်များနှင့် နီးသည့်အတွက် တောတက်သည့်သူများက နွားချည်ရန်ကြိုး၊ နွားလှန်ရန်ကြိုး၊ နဖားကြိုး စသည်တို့ပြုလုပ်ရန် လျှော်များကိုယူပြီးနောက် ကျန်သော လျှော်သားများကို ပစ်ထားခဲ့ကြပါသည်။ ထိုလျှော်သားများကို ကျောင်းသားလေးများက လိုက်လံကောက်ယူကြရသည်။ ထို့နောက် လျှော်သားမီးသွေးဖုတ်ရန် ကျောင်းသို့ သယ်ဆောင်လာကြသည်။ ကျောင်းရှေ့တွင် မြေကြီးကို စောက်မတိမ်မနက် ရေမြောင်းဖော်ပြီး ရေလောင်းထည့်ထားသည်။ ထို့နောက် မြောင်းပေါ်တွင် သစ်သားချောင်းကြီးများကို တင်ထားသည်။ လျှော်သားတုံးများကို မီးရှို့ပြီး ရေမြောင်းပေါ်ရှိ သစ်သားချောင်းပေါ်သို့ တင်ရသည်။ နှံ့နှံ့စပ်စပ် မီးလောင်ပြီးသော လျှော်သားတုံးများကို ရေမြောင်းထဲသို့ထိုးချရသည်။ ထိုအခါမှ လျှော်သားမီးသွေး ရရှိသည်။ ထို့နောက် ကျောင်းရှိ ကိုရင်ကြီးများက ကျောင်းသားများအား လက်တစ်ဆုပ်စီဝေပေးရာ ပေးသလောက်သာ ယူရလေ့ရှိသည်။ လျှော်သားမီးသွေးသည် ပျော့ပျော့ပျောင်းပျောင်း ရှိသည့်အတွက် သစ်သားသင်ပုန်းပေါ်တွင် ဖိကပ်ကြိတ်ချေခြင်းဖြင့် အစာတင်ပြီးနောက် ချောမွေ့စေရန် ရေဖြင့် သပ်ချရသည်။ ပြီးနောက် လေသလပ်ခံရသည်။ ထိုအခါ ကံ့ကူဆံဖြင့် စာရေးသားရန် ကောင်းမွန်သည့် သင်ပုန်းချပ်ကို ရရှိသည်။ ဆရာကြီးကဲ့သို့ပင် ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ယူနေကြသော ကလေးသူငယ်များမှာ ၃၀၊ ၄၀ ခန့်ရှိသည်။ ဤကဲ့သို့ ပညာကို ခဲခဲယဉ်းယဉ်း သင်ယူခဲ့ကြရပါသည်။

ဆရာကြီးသည် အသက် ၁၃ နှစ်တွင် မိဘများက ရှင်ပြုပေးသောကြောင့် ကိုရင်ဝတ်ဖြင့် ပရိယတ္တိစာပေများ ဆက်လက်သင်ယူခဲ့သည်။ ပရိတ်ကြီးပြီးလျှင် လောကနီတိ၊ သင်္ဂြိုဟ် ၊ သဒ္ဒါ၊ အလင်္ကာတို့ကို သင်ယူရသည်။ သတ်ပုံကိုလည်း ငယ်စဉ်ကပင် သင်ယူလေ့လာခဲ့ပါသည်။ မြန်မာစာပေ၏ အခြေခံများကို ကောင်းမွန်စွာ လေ့လာခဲ့ရပါသည်။ ဤအချက်တို့သည် ဆရာကြီးဖိုးကျော့အား လေ့လာမှတ်သားဖူးခဲ့သော မြန်မာစာပေ အဆီအနှစ်တို့ကို ၎င်းဖန်တီးရေးသားသော ဝတ္ထုတို၊ ဝတ္ထုရှည်များတွင် ထည့်သွင်းရေးသားကာ ကလောင်စွမ်းကို လိုလျှင်လိုသလို ကွန့်မြူးနိုင်သော စာရေးဆရာတစ်ဦးဖြစ်စေရန် ထောက်ကူပေးနေပါသည်။

ဆရာကြီးသည် ၁၉၅၆ ခုနှစ် အသက် ၁၆ နှစ်တွင် ကိုရင်ဝတ်ဖြင့် ဦးကြီးဘုန်းကြီးနှင့်အတူ ရခိုင်မှ ထွက်လာခဲ့သည်။ ရန်ကုန်မြို့ စမ်းချောင်း ဗားဂရာတိုက်တွင် ပရိယတ္တိစာပေများ ဆက်သင်ယူခဲ့သည်။ သာသနာ့ဘောင်တွင်နေစဉ် ပဗ္ဗန်တောင်ဘက်၌ ကျင်းပသော သိမ်ဖြူစာမေးပွဲကို နှစ်ကြိမ် အောင်ခဲ့သည်။ ရန်ကုန်မြို့တွင် ကိုရင်ကြီးအဖြစ်ရှိစဉ် ဆွမ်းခံထွက်ရသည့်အခါ ဘတ်စ်ကားစီးရသည့်အခါမျိုးလည်း ရှိသည်။ တစ်ခါတွင် ဆွမ်းခံထွက်ရာ၌ ဘတ်စ်ကားပေါ်၌ ကားကိုဘရိတ်အုပ်ချိန်တွင် သပိတ်ပေါ်ရှိ ဆွမ်းဟင်းဘူးများ ပြုတ်ကျ၍ အနီးရှိခရီးသည်များ၏ အဝတ်ပေါ် ဖိတ်စဉ်ကာ ပေကျံသွားသောကြောင့် ဆရာကြီးသည် စိတ်မကောင်းဖြစ်ခဲ့ရသည်။

> **ဖခင်ကြီးပြောကြားသောဇာတ်တော်တို့ကို နားထောင်ရင်း ဇာတ်ကောင်တစ်ဦးချင်းနေရာသို့ ဝင်ရောက်ခံစား တတ်သည့် အလေ့အထုံကပင် ဆရာကြီး အား တိရစ္ဆာန်ဇာတ်ကောင်၊ လူဇာတ်ကောင်တို့ကို ပေါ်လွင်အောင် ရေးဖွဲ့ တတ်သည့် ဝတ္ထုရေးဆရာတစ်ဦးဖြစ်ရန် ဦးတည်ပေးနေတော့သည်။ ဆရာကြီး၏ စာပေအနုပညာ ဗီဇမျိုးစေ့သည် ငယ်ရွယ်နုနယ်စဉ် ကလေးဘဝကပင် ဤကဲ့သို့ စတင်ဖြစ်တည်လာခဲ့သည်။ ဆရာကြီး၏ဖခင်သည် ဆရာကြီးအား စာပေအနုပညာ လမ်းကြောင်းပေါ် ရောက်ရှိစေရန် လမ်းပြပေးခဲ့သည်**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*


**ဘဝဖြတ်သန်းမှု အဖုံဖုံ**


၁၉၅၉ ခုနှစ် အသက် ၁၉ နှစ်တွင် လူဝတ်လဲခဲ့သည်။ ပြီးနောက် ရန်ကုန်မြို့တွင် တစ်နေ့လျှင် နှစ်ကျပ်တစ်မတ်ဖြင့် နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ ပထမဦးစွာ ရရှိသောအလုပ်မှာ အာလာဒင်မီးအိမ်လုပ်သော ဖန်ရည်ကျိုဖိုတွင် ဖြစ် သည်။ ဖန်ရည်ကျိုအိုးထဲတွင် ရဲရဲတောက်အောင်ကျိုထားသော ဖန်ရည်ကို သံပြောင်းနှင့်တို့ယူပြီး သံပြောင်းထိပ်မှ နှုတ်သီးကဲ့သို့သော ပါးစပ်ဖြင့် ပုံလောင်းခွက်ထဲ မှုတ်ချရသည်။ ဤသို့ဖြင့် အအေးခံကာ အာလာဒင်မီးပြောင်းအောက်ခံဆီခွက်တို့ကို အဆင့်ဆင့် လုပ်ယူကြရသည်။ အာလာဒင်မီးခွက်တစ်လုံးတွင် စက်ဖြင့် သို့မဟုတ် တွင်ခုံဖြင့် လုပ်သောအရာဆို၍ မီးစာအတင်အချ ခွေးသွားစိတ်တစ်ခုသာ ပါသည်။


ထိုအချိန်တွင် ဆရာကြီးဖိုးကျော့သည် ရန်ကုန်မြို့ အုတ်ကျင်း မာလာမြိုင်ရပ်ကွက်(ယခု လှိုင်မြို့နယ် ၁၆ ရပ်ကွက်)၌ နေသည်။ ထိုအချိန်က ဆင်းရဲသားရပ်ကွက်ဖြစ်သဖြင့် အာလာဒင်မီးအိမ်နှင့် ဆီမီးခွက်တို့သာ သုံးကြသည်။ ထိုစဉ်က ထမင်းဟင်းချက်လျှင် ထင်း(သို့မဟုတ်) ရေနံဆီမီးဖိုနှင့်သာ ချက်ကြသည်။

ဤသို့ ဖန်ရည်ကျိုဖိုတွင် လုပ်ကိုင်နေရာမှ သံပုံးစက်တွင် တစ်နေ့လျှင် နှစ်ကျပ်ခွဲဖြင့် ပြောင်းလဲလုပ်ကိုင်ခဲ့သည်။ ပုဂ္ဂလိက သံပုံးစက်တွင် အလုပ်လုပ်ရင်း လေဘာရုံး၌ မှတ်ပုံတင်လုပ်ထားရာ ဂုန်နီစက်ရုံတွင် အလုပ်ခေါ်သဖြင့် သုံးကျပ် တစ်ဆယ့်ငါးပြားနှင့် ယာယီအလုပ်ရခဲ့သည်။ ဂုန်နီစက်ရုံသည် ဆရာကြီးဖိုးကျော့နေထိုင်ရာ မာလာမြိုင်ရပ်ကွက်နှင့်လည်း နီး၏။ ဆရာကြီးသည် ခေတ်ပညာကိုလည်း တတ်မြောက်ချင်သဖြင့် ဂုန်နီစက်ရုံတွင် အလုပ်လုပ်နေစဉ် အလွတ်ပညာသင်ကျောင်း တက်ရန် ကြိုးပမ်းခဲ့သေးသည်။ သို့ရာတွင် အလုပ်ဆိုင်းကို နှစ်ဆိုင်းမှ သုံးဆိုင်းသို့ ပြောင်းလဲလိုက်သဖြင့် အလွတ်ပညာသင်ကျောင်းတက်ရန် မဖြစ်နိုင်တော့ပေ။

ဆရာကြီးဖိုးကျော့သည် ဂုန်နီစက်ရုံတွင် ရက်ကန်းစက်မောင်းအဖြစ် လုပ်ကိုင်နေစဉ် စာကြည့်တိုက်ဖြစ်လာအောင် စက်ရုံမှူးအထိ တင်ပြ၊ ကလာပ်စည်းတွင် အခြေအနေကိုတင်ပြ၍ ဂုန်နီစက်ရုံ စာကြည့်တိုက် ဖြစ်လာစေရန် ကြိုးပမ်းခဲ့သည်။ ထိုစဉ်က ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ ချည်မျှင်နှင့် အထည်စက်ရုံ (တပ်မတော်အထည်စက်ရုံ-သမိုင်း)တို့တွင် စက်ရုံစာကြည့်တိုက်များ ဖွင့်လှစ်ထားကြသည်မှာ တစ်နှစ်ကျော်ပြီဖြစ်သည်။ ဤသို့ စက်ရုံ၊ အလုပ်ရုံများ၌ စာကြည့်တိုက်များ ထားပေးရမည်ဟု သက်ဆိုင်ရာမှ ညွှန်ကြားထားခဲ့သောကြောင့် ဖြစ်သည်။ ရည်ရွယ်ချက်မှာ စက်ရုံ အလုပ်ရုံများတွင် စာကြည့်တိုက်ဖွင့်ပေးခြင်းဖြင့် အလုပ်သမားများတွင် ဆိုရှယ်လစ်အသိရှိလာစေရန် ရည်ရွယ်၍ ဖွင့်ခိုင်းခြင်းဖြစ်သည်။ သို့သော် ဂုန်နီစက်ရုံတွင် စာကြည့်တိုက် မရှိသေး။ ဆရာဖိုးကျော့သည်လည်း အမျိုးသားစာပေဆု မရသေး။ စာရေးဆရာမှန်းလည်း စက်ရုံဝန်ထမ်းများ မသိကြသေး။ သို့သော် ဆရာ၏စာများကား မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဖော်ပြခံနေရပြီဖြစ်သည်။




ထိုစဉ်က ဆရာကြီးဖိုးကျော့တို့ ဂုန်နီစက်ရုံ၏ စက်ရုံမှူးသည် စက်ရုံမီးဘေးကင်းရှင်းရေး၊ စက်ရုံလုပ်သားများ အလုပ်ကောင်းကောင်းလုပ်နိုင်ရန် လေပေါက်မရှိသော စက်ရုံကို လေပေါက်များ ဖောက်ပေးခြင်းစသည်ဖြင့် စက်ရုံလုပ်သားများအပေါ် ကိုယ်ချင်းစာတရားရှိသောကြောင့် ကလာပ်စည်းဆွေးနွေးပွဲတွင် စာကြည့်တိုက်နှင့်ပတ်သက်၍ တင်ပြရခြင်းဖြစ်သည်။ သို့ဖြင့် စက်ရုံ စာကြည့်တိုက်ကို ဖွင့်လှစ်မည့်ပုံစံ၊ စာအုပ်များကို စက်ရုံအလုပ်သမားများအား ငှားရမ်းပေးမည့်ပုံစံ စသည့် စီမံချက်ကို ရေးဆွဲရန် တာဝန်ပေးခံရပြီး စက်ရုံမှူးထံတင်ပြရန် ခွင့်ပြုချက်ရခဲ့သည်။

**စာရေးဆရာဖြစ်လာမည့်လမ်းစ**

ထို့နောက် ဆရာကြီး ဖိုးကျော့သည် အုပ်ချုပ်ရေးအရာရှိနှင့်တွေ့ပြီး ဂုန်နီစက်ရုံ စာကြည့်တိုက်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ အလုပ်သမားများ အလုပ်တက်အလုပ်ပြန်အချိန်တွင် စာကြည့်တိုက်မှ စာအုပ်များကို လုပ်သားအကူ သုံး၊ လေးယောက်နှင့်အတူစာအုပ် ငှားရမ်းပေးခဲ့သည်။ စာအုပ်များကို အိမ်တွင်ဖတ်ရန် ပေးလိုက်ပြီး တစ်နေ့လျှင် စာအုပ်ဖတ်ခငါးပြားနှင့် ပျောက်ဆုံးလျှင် စာအုပ်တန်ဖိုး ပေးလျော်စေသည်။ လုပ်သားတိုင်းကို စာငှားခွင့်ကတ် ထုတ်ပေးထားသည်။ အချို့အလုပ်သမားများမှာ စာအုပ်မငှားဘဲ သတင်းစာ၊ ဂျာနယ် လာဖတ်ကြပြီး စာကြည့်တိုက်ပိတ်မှသာ အိမ်ပြန်ကြသည်။ နောက်ပိုင်းတွင် စက်ရုံ၊ အလုပ်ရုံများမှ စာကြည့်တိုက်ဝန်ထမ်းများကို စက်မှုဌာနက စာကြည့်တိုက်မှူးသင်တန်းပေးသဖြင့် သွားတက်ကြရသည်။

ဂုန်နီစက်ရုံ အလုပ်သမားအရေးအခင်း ပေါ်ပေါက်နေချိန်တွင် ဆရာကြီးသည် စက်ရုံ စက်မောင်းသမားဟောင်း၊ စာကြည့်တိုက်မှူး၊ လောလောလတ်လတ် အမျိုးသားစာပေဆုရ စာရေးဆရာဖြစ်၍ စက်ရုံဆန္ဒပြမှုကို လေ့လာရန် စက်ရုံထဲဝင်သွားသောအခါ ဆန္ဒပြစက်ရုံလုပ်သားများက လက်ခုပ်သြဘာပေး၍ ဆီးကြိုကြသည်။ သို့မဟုတ်လျှင် ဉာဏလုပ်သားများကို စက်ရုံထဲမှ ကာယလုပ်သားများက မယုံကြည်၊ ကော်လာဖြူလူတန်းစား၊ အခွင့်ထူးခံလူတန်းစားဟု အမြင်စောင်းနေကြသည်။ ထို့ကြောင့် အပြင်မှ စာရေးစာချီ၊ အရာရှိများကို စက်ရုံထဲသို့ အဝင်မခံကြပေ။ နောက်ပိုင်းတွင် ဂုန်နီစက်ရုံ လုပ်သားကောင်စီ ဖွဲ့စည်းရာတွင် စက်ရုံထဲမှ ရက်ဖောက်လိပ်တုံး၊ ဒညင်းလုံးဌာနများမှ စက်ရုံလုပ်သားများဆန္ဒမဲဖြင့် လုပ်သားကောင်စီဝင်ဖြစ်လာသူ၏ အာမခံချက်ဖြင့် ဉာဏလုပ်သား၊ လုံခြုံရေး၊ မီးသတ် စသော လုပ်သားများပါ စက်ရုံထဲရောက်လာကြသည်။

ထို့နောက် ကာယဉာဏ ပူးပေါင်းကော်မတီကို ဖွဲ့စည်းကြရာ အများဆန္ဒဖြင့် ပြန်ကြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ရသည်။ ၁၉၇၄ ခုနှစ် အလုပ်သမားဆန္ဒပြပွဲကြီးတွင် စက်ရုံအဖျက်ဆီးမခံရရန်၊ မီးရှို့မခံရရန်၊ အခြေအနေအရပ်ရပ်ကြောင့် ထိခိုက်မှုများမဖြစ်စေဘဲ လုပ်သားများ စက်ရုံမှ အေးချမ်းစွာ ထွက်ခွာကြစေရန် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များကို ဆောင်ရွက်ပေးခဲ့သည်။ ဆရာကြီးက ပါဝင်ဆောင်ရွက်ခဲ့သည်များကို အမှန်အတိုင်း ပြောပြအစစ်ဆေးခံပါသော်လည်း ဖမ်းဆီးခံရသည်။ ဗကပ အမာခံအရေအတွက်နှင့် မည်သူပါဝင်ကြောင်း စစ်မေးရာ ဖုံးကွယ်ထားသည်ဟူ၍ အစွပ်စွဲခံရပြီး ဖမ်းဆီးခံရခြင်းဖြစ်သည်။

ထိုအချိန်တွင် ဆရာကြီးဖိုးကျော့သည် ဆင်နှင့်ပတ်သက်၍ ဝတ္ထုနှစ်အုပ်ရေးသားပြီးဖြစ်သည်။ အမျိုးသားစာပေဆုလည်း ချီးမြှင့်ခံရပြီးဖြစ်သည်။ ထို့နောက် ထောင်ကျခဲ့ရသည်။ ဆရာကြီးသည် ဤကဲ့သို့ လောကဓံနှင့်လည်း ရင်ဆိုင်ခဲ့ရပါသည်။

**ဆရာကြီး၏ စာပေလက်ရာများ**

ဆရာဖိုးကျော့၏ ပထမဦးဆုံးဝတ္ထုမှာ ဆင်မာန်နှင့် ငှက်ဉာဏ် ဝတ္ထုဖြစ်ပြီး မြဝတီမဂ္ဂဇင်း၌ ၁၉၆၅ ခုနှစ် အောက်တိုဘာလတွင် ဖော်ပြခံခဲ့ရသည်။ ပန်းချီသရုပ်ဖော်မှာ နာမည်ကျော် ပန်းချီဆရာကြီး မောင်စိန်ဖြစ်သည်။ ယင်းဝတ္ထုကို ငယ်စဉ်က ဖခင်ဖြစ်သူဖတ်ပြသော ဘီလုံးငှက်မ ပါဝင်သည့် ဇာတ်နိပါတ်ကို မှတ်သားနာယူခဲ့ခြင်းကြောင့် ရေးသားရန် စိတ်ကူးရခဲ့ကြောင်း ဆရာကြီးက ဆိုသည်။ ယင်းဝတ္ထုကို စာပေနယ်မှ နာမည်ကျော် စာရေးဆရာကြီးများနှင့် အယ်ဒီတာများဖြစ်သော မြဝတီနှင့် ငွေတာရီမှ ဆရာလေးမြိုင်၊ ဆရာမင်းယုဝေ၊ ဆရာသမိန်သောင်း၊ ဆရာဦးဌေးမောင်၊ ဆရာမြဝတီရဲခေါင်တို့က အထူးပင် နှစ်သက်ကြပြီး တောတွင်းတိရစ္ဆာန်အကြောင်း ရေးသားနေသည့် နာမည်ရစာရေးဆရာကြီးနှင့်ကပ်လျက် ဖော်ပြပေးခဲ့ကြ သည်။

အဆိုပါဝတ္ထုတွင် ဆင်ဆိုး မိုးလုံးသည် အစ်မဖြစ်သူ ဆင်မလေးမိညိုနှင့် သာလိကာကလေး ရွှေသွေးတို့အပေါ် အချစ်ပိုနေသော သခင်ဖြစ်သူကို မနာလိုစိတ်ဖြင့် နင်းသတ်ခဲ့ပြီး တောထဲသို့ ထွက်ပြေးသွားခဲ့ပုံ၊ တောထဲတွင် စိတ်ထင်ရာကို လုပ်နိုင်ပြီး လုပ်ငန်းခွင်လည်း ပင်ပင်ပန်းပန်း ဝင်စရာမလိုသဖြင့် ပျော်ရွှင်နေမိပုံ၊ သို့ရာတွင် မိမိထက်ခွန်အားကြီးသော ဆင်ရိုင်းများ၏ အန္တရာယ်ကြောင့် မိမိရွာပတ်ဝန်းကျင်သို့ ပြန်လည်ရောက်ရှိလာခဲ့ရပုံနှင့် အခဲမကျေဖြစ်နေသော ရွှေသွေးက မိုးလုံး၏ မျက်လုံးတစ်ဖက်ကို ထိုးဖောက်လိုက်ရာမှ ပိုးဝင်ကာ နောက်ဆုံးတွင် သခင်ဖြစ်သူ သေဆုံးခဲ့သည့်နေရာသို့ ပြန်လည်ရောက်ရှိလာပြီး အသက်ထွက်သွားရပုံအကြောင်း ပီပီပြင်ပြင် ရေးဖွဲ့ထားပါသည်။

၁၉၇၀ ပြည့်နှစ်တွင် စာပေဗိမာန် အစီအစဉ်ဖြင့် မြန်မာ့စီးပွားရေး၏ အသက်သွေးကြောတစ်ခုဖြစ်သည့် သစ်လုပ်ငန်းအတွက် မရှိလျှင်မဖြစ်သည့် ဆင်များအကြောင်းကို ရေးသားရန် ဆရာကြီးအား စာပေဗိမာန်မှ ထိုစဉ်က စာတည်းမှူးချုပ် ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး )က ဆက်သွယ်၍ ခေါ်ယူတွေ့ဆုံကာ တာဝန်ပေးခဲ့သည်။ စာတည်း ဦးမျိုးသန့်(မောင်ဆုရှင်)၊ ဦးခင်မောင်စိုး( ဘာသာပြန် စာရေးဆရာမောင်ပေါ်ထွန်း)၊ ဆရာတိုက်စိုး စသော တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ ထို့ကြောင့် ဆင်များ၏ စရိုက်သဘာဝကို လေ့လာရန် ဆရာကြီးဖိုးကျော့သည် မိုးမိတ်ခရိုင် မဘိန်းနယ် ရွှေလီမြစ်ကမ်းသို့ သွားရောက်ခဲ့သည်။ သစ်ထုတ်လုပ်ရေးမှ အရာထမ်း အမှုထမ်းများ၊ ဆင်အလုပ်သမားများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ဆင်ကျုံးများ၊ ဆင်ရိုင်းများကို ဖမ်းဆီးခြင်း၊ အိမ်မွေးခြံပေါက်ဆင်များကို ပြုစုစောင့်ရှောက်ခြင်း၊ သစ်လုပ်ငန်းတွင် အသုံးချခြင်း၊ ဆင်ဖမ်းနည်းအမျိုးမျိုး၊ ဆင်ဆိုး၏ စရိုက်လက္ခဏာ၊ ဆင်ရိုင်းမှ ဆင်ယဉ်ဖြစ်အောင် လေ့ကျင့်သင်ကြားပေးပုံ၊ ဆင်ကျန်းမာရေး၊ ရေဆင်၊ ဆင်သင်္ချိုင်း စသည်ဖြင့် ဆင်လုပ်သားဘဝကို ရှစ်လနီးပါး ကွင်းဆင်းလေ့လာ၍ “ဆင်လုပ်သား”စာအုပ်ကို ရေးသားခဲ့သည်။

၁၉၇၁ ခုနှစ်တွင် မြေဆီမည်းမည်း သွေးရဲရဲ ဝတ္ထုရှည်ကို ထုတ်ဝေခဲ့သည်။

၁၉၇၂ ခုနှစ်တွင် အမျိုးသားစာပေ (ဝတ္ထုတိုပေါင်းချုပ်)ဆုကို “အောင်ပွဲသို့ ချီရာဝယ်”ဖြင့် ရရှိခဲ့သည်။

၁၉၇၃ ခုနှစ်တွင် စာပေဗိမာန်က ဆင်လုပ်သား စာအုပ်ကိုထုတ်ဝေခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် စာပေဗိမာန် (ဝတ္ထုရှည်) ဒုတိယဆုကို “အင်တွဲပွဲလျက် အရှာထွက်”ဖြင့် ရရှိခဲ့သည်။

၁၉၉၁ ခုနှစ်တွင် စာပေဗိမာန် (ဝတ္ထုရှည်)ဒုတိယဆုကို “သေရွာပြန်တို့၏ အဏ္ဏဝါခရီး”ဖြင့် ရရှိခဲ့သည်။

၁၉၉၃ ခုနှစ်တွင် စာပေဗိမာန် (ဝတ္ထုရှည်)ဒုတိယဆုကို “မြန်မာ့မုဆိုး”ဖြင့် ရရှိခဲ့သည်။

၁၉၉၆ ခုနှစ်တွင် စာပေဗိမာန် (ဝတ္ထုတိုပေါင်းချုပ်)ဒုတိယဆုကို “ကမ္ဘောဇ်ဒွိနှင့် အခြားဝတ္ထုတိုများ”ဖြင့် ရရှိခဲ့သည်။

၁၉၉၉ ခုနှစ်တွင် စာပေဗိမာန် (ဝတ္ထုရှည်)တတိယဆုကို “ရာဇဌာနီ”ဖြင့် ရရှိခဲ့သည်။

အမျိုးသားစာပေဆုရ အောင်ပွဲသို့ ချီရာဝယ် စာအုပ်တွင် တောနက်ထဲရှိ ဆင်ရိုင်းများကိုဖမ်းကာ ယဉ်ပါးအောင် လေ့ကျင့်ပေးရသည့်လုပ်ငန်းမှာ ခက်ခဲပင်ပန်း၍ အသက်အန္တရာယ်များပုံ၊ ယဉ်ပါးလာသော ဆင်များကို လုပ်ငန်းခွင်သို့ဝင်နိုင်ရန် ဆင်ဘာသာစကားဖြင့် လေ့ကျင့်ပေးရပုံ၊ မိမိထိန်းကျောင်းပေးရသည့် ဆင်၏အရိပ်အကဲကို အမြဲ အကဲခတ်နေရပြီး မိမိ၏ သားသမီးကဲ့သို့ စောင့်ရှောက်ကြရပုံ၊ တောနက်ထဲတွင် လပေါင်းများစွာ နေထိုင်ပြီးမှ ဆင်ရိုင်းများကို ဖမ်းဆီးရသည့်အလုပ်သည် ဆင်လုပ်သားများအတွက် သက်စွန့်ဆံဖျားလုပ်ရသော အလုပ်ဖြစ်ပြီး ဆင်ရိုင်းများ ယဉ်ပါးလာကာ လုပ်ငန်းခွင်ဝင်ရတော့မှသာ ဆင်လုပ်သားတို့အတွက် အကြီးမားဆုံးသော အောင်ပွဲကြီးတစ်ရပ်ဖြစ်ကြောင်း ရေးသားထားပါသည်။ ***ဆက်လက်ဖော်ပြပါမည်***

# (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲနှင့် မျိုးဆက်သစ်ပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် (အထက်မြန်မာပြည်) တို့ ပူးပေါင်းကျင်းပသည့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲနှင့် မျိုးဆက်သစ်ပြိုင်ပွဲများကို ယနေ့တွင် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ၅ ချီစိန်ခေါ်ပွဲ နှစ်ပွဲ၊ ၃ ချီစိန်ခေါ်ပွဲ ရှစ်ပွဲ၊ ရိုးရာအောင်လံပွဲအထူး(လူကြီး) တစ်ပွဲနှင့် ရိုးရာအောင်လံပွဲအထူး(လူငယ်) တစ်ပွဲ စုစုပေါင်း ပွဲစဉ် ၁၂ ပွဲ ယှဉ်ပြိုင်ထိုးသတ်ကြပြီး အနိုင်ရရှိသူများကို ဝန်ကြီးချုပ်(**အောက်ပုံ**)၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လူမျိုးမရွေး ဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံ ပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

### ကာကွယ်ဆေး ထိုးနှံပေး

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၇ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၀၆၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၂၅၀၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၉၀၀၊ ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၅၈၆ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၅၉၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၉၄၃၆ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

### စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးများထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၇ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နှင့် မန်တုံမြို့တို့၌ ကျောင်းသား ကျောင်းသူ ၂၁၂ ဦးနှင့် ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၆၈၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

### ကြည့်ရှုအားပေး

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၆ ရက်တွင် ရခိုင်ပြည်နယ် အမ်းမြို့နယ် မဲလက်မောင်းကျေးရွာအနီး စစ်တွေ-အမ်းကားလမ်းတွင် တရားမဝင်သစ်များ သယ်ဆောင်လာကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့မှ သွားရောက်စစ်ဆေးရာ ယာဉ်နှစ်စီးပေါ်မှ တောင်သရက်ခွဲသား ၄ ဒသမ ၂၇ တန်အား စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိသည်။

ထို့အတူ ယနေ့တွင် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း သွင်းကုန် ယာဉ်ငယ်စစ်နေရာတွင် ပူးပေါင်းအဖွဲ့မှစစ်ဆေးခဲ့ရာ မော်တော်ယာဉ် အမှတ် 8J-8801 ပေါ်မှ စားသောက်ကုန်ပစ္စည်း နှစ်မျိုး ၁၉၅ ဖာ၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄,၀၀၀,၀၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များမှ သတင်းအရ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင် အတွင်းရှိ သစ်တောကြိုးဝိုင်းများ အတွင်း တရားမဝင်သစ်ထုတ်လုပ်မှုများကို ဝင်ရောက်စစ်ဆေးခဲ့ရာ တရားမဝင် ကျွန်းသစ် ၂၄ တန်၊ သစ်မာ ၆ တန်နှင့် အခြားသစ် ၂၉ တန် စုစုပေါင်း သစ်မျိုးစုံ ၅၉ တန်ကို ဖမ်းဆီးရမိခဲ့သည်။

သို့ပါ၍ ဇန်နဝါရီ ၆ ရက်တွင် ရခိုင်ပြည်နယ်မှ သစ် ၄ ဒသမ ၂၇ တန်၊ ယနေ့တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ အမှုတွဲ တစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄,၀၀၀,၀၀၀ နှင့် ပဲခူးတိုင်းဒေသကြီးမှ သစ်မျိုးစုံ ၅၉ တန်ကို ဖမ်းဆီးရမိ သိမ်းဆည်းအမှုတွဲဖွင့်လှစ်ခဲ့ပြီး ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၈**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက်ရှိ မဟာမူလကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ မဟာစန္ဒာရုံကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ ဘန်းတောင် ဘုန်းတော်ကြီးကျောင်းတိုက်၊ စစ်တွေမြို့ရှိ မောင်နီပြင်ဘုန်းတော်ကြီးကျောင်းတိုက်၊ တောင်ကုတ်မြို့ရှိ မဟာသန္တိသုခတပ်ဦးကျောင်းတိုက်၊ ဘူးသီးတောင်မြို့ရှိ ရတနာအောင်သိဒ္ဓိကျောင်းတိုက်၊ ပြင်ရှည်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၊ မြောက်ဦးမြို့ရှိ မြို့မပရိယတ္တိစာသင်တိုက်နှင့် နတ်တောင်ဘုန်းတော်ကြီးကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ သာစည်ရပ်ကွက်ရှိ သာသနဓမ္မသုခကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နဂါးပရိယတ္တိစာသင်တိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ သာစည်ရပ်ကွက် သာသနဓမ္မသုခကျောင်းတိုက်ရှိသံဃာတော်များအား အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၇ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၉၉ ဦး၊ အမျိုးသမီး ၈၀ စုစုပေါင်း ၁၇၉ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၇ ဦး၊ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၇ ဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၂၆ ဦးနှင့် အမျိုးသမီး ၉၂ ဦးတို့ကိုလည်းကောင်း လက်ခံကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့်ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၁-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** တရုတ်ကာတွန်း 'ပိုးကောင်ကြီးညယျာဉ်စွန့်စားခန်း' (အပိုင်း-၄၇)
**၀၉:၁၅** MRTV Travelogue
**၀၉:၃၅** အသိပညာနှင့်အမှန်တရား
**၀၉:၅၀** တူယှဉ်ဖွဲ့ပျော်ဂီတပွဲတော်တေးသီချင်းဆို ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၇)
**၁၂:၃၀** This Week's Special Interest
**၁၃:၁၀** MRTV National News
**၁၃:၃၅** မြန်မာဂန္တဝင်ရုပ်ရှင် **'ဆောင်းအိပ်မက်'**
**၁၆:၃၅** ရှိမ်းမကားမှသဘာဝအလှ
**၁၇:၁၅** ထူးခြားစုံလင်အာရုပစိပိတ်အစီအစဉ်
**၁၇:၃၅** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့ လျှို့ဝှက်ချက်'** (အပိုင်း-၅၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ 'ငယ်နာမည်အညိုမှ ချစ်စွာသောအညို ဆီသို့' (အကယ်ဒမီတင်တင်ညို) (အပိုင်း-၁)
**၂၁:၂၀** မြန်မာဗီဒီယိုဇာတ်လမ်း **'ချစ်ကိုကိုနှင့်သူ့ငါးနတ်သမီးများ'**

ဘောလုံးကြည့်ချ ညတိုင်းတွင် ဘေးဂီတပျော်ပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:09** The Third Prize Winner
**07:26** Myanmar Traditional Snacks: Sago with coconut milk
**07:32** Life of A Farmer
**08:01** Strolling Along A Memory Link - U Pein Bridge
**08:19** Today Myanmar: 74th Independence Day Celebration by MRTV (Yangon)
**08:26** Products of Myanmar - Craft Blacksmithing
**08:51** Yangon Markets: Nyaung Pin Lay Market
**09:01** News
**09:26** Global Partnership for Brighter Future: Austria Pavilion at Expo 2020 Dubai
**09:33** The Richly Blessed Gem Land
**10:01** Dhamma Settkyar (Nan Sandi)

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
စာပေစကားပြေကြရအောင်(အပိုင်း-၁)

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၂)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၁)

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဆီးချိုရောဂါအတွက်စားပေးသင့်သောသစ်သီးများ

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
စွန်တောင်ကျေးရွာမှလက်မှုပညာ

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ဒူးရင်းသီး၏ကျန်းမာရေးအကျိုးကျေးဇူး

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရွှေတံခါးမြို့သို့အလည်တစ်ခေါက်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
မိုင်းပုန်းဆရာတော်၏တရားတော်(အပိုင်း-၃)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်ငန်းဘဝများ(အပိုင်း-၁)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာရှိုးရှာအိမ်ကလေး

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့စုံပျော်ရာ တောင်ပေါ်ဒေသ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(သီရိလင်္ကာနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ
Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ
နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိတင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း ကုမ္ပဏီတစ်ခုက ယာဉ်စီးရေ သုံးစီးဖြင့် နှာခေါင်းစည်း (Mask) ၂၂ တန် တင်သွင်းခဲ့သည်။




ဇန်နဝါရီ ၁ ရက်မှ ၈ ရက်အတွင်း ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ လေးစီး အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီးဖြင့် တန် ၂၀၊ နှာခေါင်းစည်း(Mask) ၂၂ တန် တို့ကို တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ဇန်နဝါရီ ၁ ရက်မှ ၈ ရက်အတွင်း ပြည်ပမှတင်သွင်းခဲ့သည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈-၁-၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၂၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၁၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၂၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၁၆၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၅၀/၁၃၉၀ ကျပ် | ၁၃၉၅/၁၄၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၆၀/၁၄၁၀ ကျပ် | ၁၄၀၅/၁၄၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၉၅/၁၄၀၅ ကျပ် | ၁၄၅၀/၁၄၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၄၅/၁၄၇၀ ကျပ် | ၁၅၅၅/၁၅၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၀ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၇ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂. ၇၇၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၅ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၄၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၉၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၂၆ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၁၃၁၅ | ၁၀၉၁၄၅၀၀ |
| MTSH | ၃၀၅၀ | ၃၀၅၀ | ၂၇၃၅ | ၈၂၁၇၇၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀၀ | ၁၉၅၀၀ | ၃၆၂ | ၇၀၁၀၅၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၄၀၀ | ၁၉၄၅၀၄၄၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၄ | ၁၁၈၀၀ |
| AHP | ၅၈၀၀ | ၅၇၀၀ | ၁၆ | ၉၁၄၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပူပြင်းရာသီရောက်လာမည် ရေကိုချွေတာဖို့ လိုသည်

**မေယု - မျိုးအောင် (MANA)**

ရှေးမြန်မာမင်းများ လက်ထက်ကပင် ဆည်မြောင်း ကန်ချောင်းများကို အမြောက်အမြားကြီးမားစွာ တည်ဆောက်ခဲ့ကြသည်။ ယနေ့ မြို့ကြီးပြကြီးများရှိ ကျုံးများ၊ ဆည်များ၊ ရေကန်ကြီးများသည် နှစ်အနည်းငယ်အတွင်း တည်ဆောက်ခဲ့သည် မဟုတ်ပါ။ ရှေးမြန်မာမင်းများက ပြည်သူများအတွက် သောက်သုံးရေမပြတ်လပ်စေရန် စီမံဆောင်ရွက်ထားခဲ့ခြင်းဖြစ်သည်။ မိုးနည်းရပ်ဝန်းဒေသများဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်းတစ်ခွင်တွင် ကျုံးကြီးများ၊ ကန်ငယ်များ၊ ဆည်များ ယနေ့အထိ ရှိနေသည်မှာ အဖိုးတန်ရေ၏ အသက်သွေးကြောများဟု ဆိုရမည်သာ ဖြစ်သည်။ မိုးရေချိန် ကမ္ဘာကြီး၏ ရွာကြီးတစ်ရွာဖြစ်သည့် မြန်မာနိုင်ငံသည် တစ်နှစ်လျှင် ရေကုဗမိုင် ၂၇၀ ရှိပြီး ရေသုံးစွဲမှုမှာ ၈ ကုဗမိုင်သာရှိသဖြင့် ပိုလျှံသည့် မိုးရေများမှာ မြစ်ချောင်းအင်းအိုင်များမှတစ်ဆင့် ပင်လယ်အတွင်းသို့ သက်ဆင်းသွားရသည်။ ကမ္ဘာကြီးအတွင်း မှီတင်းနေထိုင်သော ပြည်သူများ မိုးရေကို ၄၀ ရာခိုင်နှုန်းသာ သုံးစွဲနိုင်ပြီး ၆၀ ရာခိုင်နှုန်းကို စွန့်ပစ်ကြသည်မှာ လွန်စွာနှမြောဖို့ ကောင်းလှသည်။ မြေအောက်ရေအရင်းအမြစ်ထိန်းသိမ်းမှု အားမကောင်းခြင်း၊ မိုးရွာသည်ထက် မိုးပြတ်သည့်ကာလတာရှည်လာခြင်း၊ ပြည်သူများ ရေသုံးစွဲခြင်းထက် ရေဖြုန်းတီးမှုများပြားလာခြင်း၊ ပြတ်လပ်ခြင်းတို့ဖြစ်ပေါ်နေသည်ဟု ဆိုရမည်ဖြစ်သည်။

### ရေအရင်းအမြစ်များလျော့ပါးနေ

မျက်မှောက်ကာလတွင်လည်း ရာသီဥတုပြောင်းလဲခြင်းနှင့် စားနပ်ရိက္ခာရရှိနိုင်ခြေ နည်းပါးလာခြင်းတို့၏ အရင်းခံမှာ ရေအရင်းအမြစ်ပင်ဖြစ်သည်။ ကမ္ဘာ့လူဦးရေတိုးပွားနေခြင်း၊ လူမှုဘဝဖွံ့ဖြိုးလာခြင်းကြောင့် ရေသုံးစွဲမှုပိုမိုများပြားလာခြင်း၊ စီမံခန့်ခွဲမှုအားနည်းသော နိုင်ငံများတွင် ရေပြုန်းတီးမှုများပြားလာခြင်း၊ ရေကိုလိုအပ်သည်ထက် သုံးစွဲမှု ပိုမိုများပြားလာခြင်း၊ ဖွံ့ဖြိုးမှုအတွက် စက်ရုံအလုပ်ရုံများမှ ရေကိုပိုမိုသုံးစွဲရခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီး၌ ရေအရင်းအမြစ်များ တဖြည်းဖြည်းလျော့ပါးနေသည်။ နိုင်ငံအသီးသီးအနေဖြင့် ရေအရင်းအမြစ်များအပေါ် စနစ်ကျသည့် စီမံခန့်ခွဲမှု၊ ရေသယံဇာတထိန်းသိမ်းမှုတို့က အရေးကြီးသည့် ကဏ္ဍသို့ ရောက်လာသည်။

ဘောဂဗေဒနှင့် ငြိမ်းချမ်းရေးအင်စတီကျု (EP)၏ သဘာဝဘေးအန္တရာယ် ခြိမ်းခြောက်မှု မှတ်တမ်းအမည်ရှိ အစီရင်ခံစာက ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်ရောက်ရှိချိန်တွင် ၁၀ ဘီလီယံနီးပါးသို့ရောက်ရှိလာနိုင်သောကြောင့် ရေအရင်းအမြစ်များ ရရှိရေးအတွက် ယှဉ်ပြိုင်မှုများရှိလာပြီး ပဋိပက္ခများ တိုးပွားလာနိုင်ကြောင်း၊ ကမ္ဘာတစ်ဝန်းလူဦးရေတိုးပွားလာခြင်း၊ သောက်သုံးရေနှင့် စားနပ်ရိက္ခာရရှိနိုင်ခြေနည်းပါးခြင်းနှင့် သဘာဝဘေးအန္တရာယ် ပိုမိုဖြစ်ပွားလာခြင်းတို့ကြောင့် ၂၀၅၀ ပြည့်နှစ်ရောက်ရှိချိန်တွင် လူဦးရေ တစ်ဘီလီယံကျော်သည် အိမ်ခြေရာမဲ့ ဖြစ်နေလိမ့်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အဆိုပါ လေ့လာမှုအစီရင်ခံစာတွင် ဖော်ပြထားသည့် အရင်းအမြစ်များ ရရှိရေးအတွက် ယှဉ်ပြိုင်မှုများတွင် လူသားတိုင်းအတွက် မရှိမဖြစ် အရင်းအမြစ်မှာ ရေအရင်းအမြစ်ဖြစ်သည်။

လုံခြုံဘေးကင်းသည့်ရေ၊ ကောင်းမွန်သည့် ရေနှင့် သန့်ရှင်းမှုစနစ်တို့ကို လက်လှမ်းမမီဘဲ ကျန်ရှိခဲ့သူများစွာအတွက် အကြောင်းရင်းများ အလေးထားရှာဖွေ ဖြေရှင်းကြရန် ရည်ရွယ်၍ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ လူသားများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးလာမှုကို ကာကွယ်ရန် ၁၉၉၂ ခုနှစ် ဇွန်လက ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ရာသီဥတုညီလာခံ၏ အစီအစဉ်(၂၁)နောက်ဆက်တွဲ ဆုံးဖြတ်ချက်အရ ရေသယံဇာတ၏ အရေးပါမှုကို ဂရုပြုမိလာစေရန် နှစ်စဉ် မတ် ၂၂ ရက် ကို ကမ္ဘာ့ရေနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ရေသည် လက်ရှိသတ္တဝါများအတွက် အရေးပါဆုံးခတ်ဖြစ်ပြီး ရေဓာတ်မရှိပါက အသက်ရှင်ရန် မလွယ်ကူပေ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အဓိကအခန်းကဏ္ဍ၌ ပါဝင်နေသည်။ ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုဖြင့် ဖုံးလွှမ်းထားသော်လည်း လူသားများအသုံးပြုနိုင်သော သန့်စင်သည့် ရေပမာဏမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။ ကမ္ဘာ့လူဦးရေ တစ်ဘီလီယံခန့်သည် လုံခြုံဘေးကင်းသည့် သောက်သုံးရေမရရှိနိုင်သေးသည့်အတွက် ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် သက်ရောက်မှုများရှိနေသည်။ ကမ္ဘာ့လူဦးရေ ၂ ဒသမ ၃ ဘီလီယံခန့်သည်လည်း ကောင်းမွန်သည့် မိလ္လာစနစ်ဖြင့် အလှမ်းဝေးနေဆဲဖြစ်သည့်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၁၈ မှ ၂၀၂၈ ခုနှစ်အထိကို ရေဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆယ်စုနှစ်အဖြစ် သတ်မှတ်ထားသည်။

ကမ္ဘာကြီးမှာ ကိန်းဂဏန်းအရ ရေထုထည် ၃၃၂ ဒသမ ၅ သန်း ကုဗမိုင်ခန့်မပြောင်းမလွဲ တည်ရှိနေသည်။ ကမ္ဘာ့လူဦးရေမှာ တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲတိုးတက်လာနေသောကြောင့် ရေသုံးစွဲမှုမှာလည်း မုချမသွေတိုးလာမည်မှာမလွဲပါ။ ရေသည် အသက်ရှင်ရပ်တည်ရေးအတွက် အဓိက ဖြစ်သဖြင့် အစဉ်အမြဲလိုအပ်နေမည်မှာ မုချအမှန်သာဖြစ်ပေသည်။ ရေထုထည်သည် တိုးလာဖို့မရှိသည်ကို သတိပြုရန်လိုပါသည်။ တန်ဖိုးကြီးမားလှသည့်ရေကို ဘက်ပေါင်းစုံမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှ သာလျှင် ရေအရင်းအမြစ်များ မပျောက်မပျက် ရေရှည်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ တန်ဖိုးကြီးမားလှသည့် ရေအတွက် နှစ်စဉ်ပဋိပက္ခများ တဖြည်းဖြည်းတိုးပြီးဖြစ်လာခဲ့ရာ ၂၀၁၈ ခုနှစ်၌ပင် ၂၆၄ ကြိမ်ဖြစ်ပွားခဲ့သည်ကို သိရှိရသည်။ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးများမှ ဦးစီးလျက် ရေအရင်းအမြစ်ကို ထိန်းသိမ်းနိုင်မည့် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကို ကာကွယ်နိုင်ရန် ဖန်လုံအိမ် အာနိသင် လျှော့ချရေး၊ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်နေကြသည်ကို လည်း တွေ့မြင်နေရသည်။

### သဘာဝဘေးအန္တရာယ်များ နှစ်စဉ်ကြုံတွေ့နေရ

ကမ္ဘာကြီးပူနွေးလာမှု၊ သစ်တောပြုန်းတီးမှု၊ တောတောင်ပြုန်းတီးမှု၊ အဖိုးတန်ဓာတ်သတ္တုများ အလွန်အကျွံထုတ်ယူသုံးစွဲမှု၊ မြေအောက်ရေကို အလွန်အကျွံ ထုတ်ယူသုံးစွဲမှု အစရှိသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေနိုင်သော အပြုအမူလုပ်ရပ်များကြောင့် နောက်ဆက်တွဲ ကြုံတွေ့လာရသည့် ရာသီဥတုပြောင်းလဲမှုနှင့်အတူ သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ကြုံတွေ့လာနေရပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲလာမှုများကြောင့် စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်နေကြရသည့် ဒေသကြီးများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်း အစရှိသည့် သဘာဝဘေးဒဏ်တို့ကို အလူးအလဲခံစားနေကြရသည်။ အချို့ဒေသများတွင် ရေကြီးခြင်းဒုက္ခကို ခံစားနေရသကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းတို့တွင် မိုးခေါင်မှုကြောင့် မိုးရေကိုသာ အဓိကအားထားနေရသည့် ဒေသများ၌ နွေရာသီတွင် စိုက်ပျိုးရေးနှင့် သောက်သုံးရေရှားပါးမှု၊ ပြတ်လပ်မှု ကြုံတွေ့နေသည်။

မြန်မာနိုင်ငံတွင် နွေရာသီ ရေရှားသည့်ပြဿနာကို အပူပိုင်းဇုန် တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးကြုံတွေ့နေရပြီး ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာခြင်းများကြောင့် ကျန်တိုင်းဒေသကြီး/ပြည်နယ် အချို့တွင်လည်း ရေရှားပါးသည့်ပြဿနာကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသည်။ ရေရှားပါးပြတ်လပ်မှုများကို ချက်ချင်းတုံ့ပြန်နိုင်စေရန်နှင့် အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ www.water-donation.com website တွင် ထုတ်ပြန်ထားရှိပြီးဖြစ်သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အထိ နွေရာသီ ရေရှားပါးကျေးရွာ ၂၂၃၆ ရွာသို့ ရေဂါလန် ပေါင်း ၃၀ ဒသမ ၀၃၅၄ သန်း ဖြန့်ဝေပေးခဲ့ပြီး အိမ်ခြေ သန်း ၀ ဒသမ ၅၀၊ လူဦးရေ သန်း ၂ ဒသမ ၄၁၀ အကျိုးခံစားမှု ရရှိခဲ့သည်။ ဦးစီးဌာနပိုင် ရေသန့်စင်ကား ၁၀ စီးဖြင့်လည်းကောင်း၊ ရေသယ်ယာဉ် အစီး ၂၀ ဖြင့် လည်းကောင်း ရေရှားပါးကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

နွေရာသီကာလအတွင်း သောက်သုံးရေ မပြတ်လပ်စေရေးအတွက် ကျေးလက်ဦးစီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် တိုင်းဒေသကြီး/ပြည်နယ် ၁၇ ခုနှင့်အတူ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးကြီးများ၏ တင်ပြချက်အရ ၂၀၂၁ ခုနှစ် နွေရာသီကာလတွင် မြို့နယ် ၈၆ မြို့နယ်ရှိ ကျေးရွာပေါင်း ၃၇၄ ရွာတွင် သောက်သုံးရေရှားပါးနိုင်ကြောင်း ခန့်မှန်းသိရသည်။ နွေ၏အငွေ့အသက်ရရုံမျှဖြင့် ရေရှားပါးပြတ်လပ်မှုသတင်းများကို စတင်ကြားနေရပြီဖြစ်သည်။ ကယား ၊ စစ်ကိုင်း၊ မန္တလေး၊ ရှမ်း၊ နေပြည်တော် စသည့် တိုင်းဒေသကြီး/ပြည်နယ် ငါးခုရှိ ကနဦး သောက်သုံးရေ ရှားပါးသည့် ကျေးရွာ ၁၇ ရွာတွင် ရေဂါလန် ပေါင်း ၄၄၆၀၀ ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် မိုးနည်းရပ်ဝန်းဒေသများမှာပင် ကန်တွေ ၊ ကျုံးတွေများစွာရှိသဖြင့် ရေကို အလျှံပယ် သုံးစွဲနိုင်ခဲ့ကြသည်။ မိုးရွာသွန်းမှုမရှိသည့်အခါ သိုလှောင်ထားသောရေသည်လည်း ရှိနိုင်မည် မဟုတ်ပေ။ အငွေ့ပြန်ခြင်း၊ သတ္တဝါအများ သုံးစွဲခြင်းဖြင့် ကုန်ခန်းသွားနိုင်သည်။ မြေအောက်ရေနေနိုင်ရန်လည်း ထိန်းသိမ်းစောင့်ရှောက်ထားသင့်သည်။ ကန်ရေ၊ ကျုံးရေများကဲ့သို့ တိုက်ရိုက်နေရောင်ခြည်ဖြင့် မတွေ့ထိစေဘဲ သဲချောင်းအောက်၌လည်း မိုးရေကိုအုတ်တမံလုပ်၍ သိုလှောင်ထားနိုင်သည်။ မိုးရေစီးလာသည့်အခါ တမံနောက်တွင် သဲနှင့် ရေများကျန်ရစ်ပြီး တမံထိပ်အထိ တဖြည်းဖြည်း မို့တက်လာသည်။ ထိပ်မှာ သဲများကိုတွေ့ရသော်လည်း ၄၀ ရာခိုင်နှုန်းမှာ ရေများဖြစ်ကြသည်။ လက်ယက်တွင်းအဖြစ် ရေများရယူနိုင်သည်။ အငွေ့ပြန်ခြင်းမရှိဘဲ မိုးရေကို စုဆောင်းနိုင်သော နည်းစနစ်ဟု ဆိုရပါမည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်(၆) မျှော်မှန်းချက်များ၊ ကျေးလက်ရေရရှိရေး မဟာဗျူဟာပါ ရည်မှန်းချက်များ ပြည့်မီစေရေး ၊ ကျေးလက်ဒေသများသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကြိုးပမ်းကြရာတွင် ပြည်သူ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးပါသော အခန်းကဏ္ဍဖြစ်သည်။ ကမ္ဘာ့အပူချိန်တိုးလာခြင်းနှင့်အတူ မိုးခေါင်ခြင်း ၊ သဲကန္တာရများတိုးလာခြင်းတို့က ရေရှားပါးမှုနှုန်းကို မြင့်တက်လာစေသည်။ ရေရှားပါးမှုကို ထိခိုက်ခံစားကြရသူများမှာ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းကျော်ရှိသည်။ လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း ကမ္ဘာ့လူဦးရေ ၈၄၄ သန်းသည် သောက်သုံးရေစနစ် မခံစားရသေးကြောင်း၊ လူ ၈၉၂ သန်းသည် အညစ်အကြေးများကို အကာအကွယ်မဲ့သည့် ပတ်ဝန်းကျင်များတွင် စွန့်ပစ်သည့်စနစ်ကို ကျင့်သုံးခဲ့ကြကြောင်း အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၏ စုစုပေါင်း ရေအရင်းအမြစ် ၁၆ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ထားပြီး အာရှဒေသ၏ ရေအရင်းအမြစ် ၁၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။ အလယ်ပိုင်း ခြောက်သွေ့သော အပူပိုင်းဒေသများမှလွဲ၍ ရွာသွန်းမိုးရေ ကောင်းမွန်ခြင်း ၊ မြစ်ချောင်းများနှင့် သဘာဝရေကန်များစွာ ရှိနေခြင်းနှင့် မြေအောက်ရေထိန်းထားနိုင်သော အလွှာရှိနေခြင်းတို့မှာ သဘာဝက ပေးအပ်ထားသော လက်ဆောင်မွန်ဖြစ်သည်။

> ◆ မြန်မာနိုင်ငံတွင် မိုးနည်းရပ်ဝန်းဒေသများမှာပင် ကန်တွေ ၊ ကျုံးတွေများစွာရှိသဖြင့် ရေကိုအလျှံပယ်သုံးစွဲနိုင်ခဲ့ကြသည်။ မိုးရွာသွန်းမှုမရှိသည့်အခါ သိုလှောင်ထားသောရေသည်လည်း ရှိနိုင်မည်မဟုတ်ပေ။ အငွေ့ပြန်ခြင်း၊ သတ္တဝါအများ သုံးစွဲခြင်းဖြင့် ကုန်ခန်းသွားနိုင်သည်။ မြေအောက်ရေနေနိုင်ရန်လည်း ထိန်းသိမ်းစောင့်ရှောက်ထားသင့်သည်။ ကန်ရေ၊ ကျုံးရေများကဲ့သို့ တိုက်ရိုက်နေရောင်ခြည်ဖြင့် မတွေ့ထိစေဘဲ သဲချောင်းအောက်၌လည်း မိုးရေကိုအုတ်တမံလုပ်၍ သိုလှောင်ထားနိုင်

စာမျက်နှာ ၂၁ သို့

# ကချင်ပြည်နယ်တွင် ငှက်ပျောချည်မျှင်ဖြင့် တန်ဖိုးမြှင့်လူသုံးကုန်များထုတ်လုပ်နိုင်ရန် နည်းပညာများဖြန့်ဝေပေးသွားမည်

**ပူတာအို ဇန်နဝါရီ ၈**

ကချင်ပြည်နယ်အတွင်းမှ လုပ်ငန်းရှင်များအနေဖြင့် ငှက်ပျောချည်မျှင်ဖြင့် တန်ဖိုးမြှင့် လူသုံးကုန်များ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာအကူအညီများ လိုအပ်ပါက နည်းပညာဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"ငှက်ပျောပင်မှာ အရွက်၊ ပင်စည်၊ အခိုင် ဘာမှ လွှင့်ပစ်စရာမရှိပါဘူး၊ အားလုံးအသုံးဝင်ပါတယ်။ ငှက်ပျောပင်စည်၊ အရွက်တွေကနေ ငှက်ပျောချည်အဆင့်မီ ကောင်းမွန်ခိုင်ခံ့အောင် အဆင့်ဆင့်ပြုလုပ်ပြီးတော့ ထုပ်ပိုးခွံအမျိုးမျိုး၊ လူသုံးကုန် လက်မှုထည်အမျိုးမျိုးနဲ့ ငှက်ပျောရက်ထည်ချပ်တွေပေါ်မှာ ပန်းချီအလှအပတွေ ရေးဆွဲချုပ်ပြီးတော့ တန်ဖိုးမြှင့်အမှတ်တရလက်ဆောင်ပစ္စည်း ထုတ်လို့ရတယ်။ ဒီလိုဖြစ်ဖို့ လုပ်ငန်းရှင်တွေက နည်းပညာတောင်းခံလာရင် အချိန်မရွေး နည်းပညာအကူအညီပေးသွားမှာဖြစ်ပါတယ်"ဟု ပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှူး ဦးအောင်မောင်းက ပြောသည်။



ငှက်ပျောချည်မျှင်ဖြင့် တန်ဖိုးမြှင့် လူသုံးကုန်များ ထုတ်လုပ်နိုင်မှုကို ပြသထားစဉ်

ငှက်ပျောပင်နှင့် ငှက်ပြောရွက်မှ ထုတ်လုပ်သည့် ငှက်ပျောချည်မျှင်ဖြင့် စားပွဲခင်း၊ ရှုခင်းပန်းချီကား၊ ထီး၊ ထုပ်ပိုးခွံအမျိုးမျိုး စသည့် တန်ဖိုးမြှင့်လူသုံးကုန်များ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်ပြီး ငှက်ပျောချည်မျှင်ဖြင့် တန်ဖိုးမြှင့်လူသုံးကုန်များထုတ်လုပ်ရန် လုပ်ငန်းရှင်များအနေဖြင့် နည်းပညာအကူအညီ လိုအပ်ပါက ပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက နည်းပညာအကူအညီပေးနိုင်ရန် အဆင်သင့်ပြင်ဆင်ထားကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်၊ မိုးညှင်းခရိုင်များတွင် တစ်သျှူးငှက်ပျောစိုက်ဧက စုစုပေါင်း တစ်သိန်းခန့် စိုက်ပျိုးထားခြင်းကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး အဆိုပါတစ်သျှူးငှက်ပျောများကို တွင်ကျယ်စွာ စိုက်ပျိုးလာခြင်းကြောင့် နိုင်ငံခြားဝင်ငွေများရရှိသည့်အတွက် ဒေသ၏ GDP လည်း တိုးတက်လျက်ရှိကြောင်း သိရသည်။

**ဖုန်ကန်**
**(ပူတာအို)**

## မိုင်းဆတ်မြို့ ရေကြီးမှုကာကွယ်နိုင်ရေးအတွက် မယ်ဆတ်ချောင်းတွင် သဲနုန်းတူးဖော်

**မိုင်းဆတ် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ရေကြီးရေလျှံမှု ကာကွယ်နိုင်ရေးအတွက် မယ်ဆတ်ချောင်းအတွင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ခြောက်လဘတ်ဂျက် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ်သန်း ၄၀ ဖြင့် မယ်ဆတ်ချောင်း အရှည်ပေ ၁၃၀၀၀ ၌ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို ရွှေပြည့်လျှံကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

"မိုးတွင်းမှာ တောင်ကျချောင်းရေတွေက ဒီ မယ်ဆတ်ချောင်းထဲ စီးဝင်တာဆိုတော့ ချောင်းအနီးအနားကလယ်တွေ ရေနစ်မြုပ်တာ ခဏခဏကြုံရတယ်၊ ရေမကျမချင်း ပျိုးပင်တွေ ပြန်ဖာထေးစိုက်ဖို့က မလွယ်ဘူး၊ ဒုက္ခရောက်တယ်၊ အခုလို ပွင့်လင်းရာသီမှာ ကြိုပြီး သဲနုန်းတူးဖော်ပေးနေပြီဆိုတော့ လယ်တွေရေနစ်မြုပ်မှု လျော့သွားမယ်လို့ ယုံကြည်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခင်က မယ်ဆတ်ချောင်းသည် မိုးရာသီကာလတွင် ရေကြီးရေလျှံ၍ မိုးစပါးစိုက်လယ်မြေအများအပြား ရေနစ်မြုပ်မှု ကြုံတွေ့ရလေ့ရှိပြီး စပါးရိတ်သိမ်းချိန် မိုးမကုန်မီအချိန်အထိ ရေကြီးရေလျှံမှု ဖြစ်ပွားလေ့ရှိသောကြောင့် မိုးစပါးစိုက် လယ်သမားများ နစ်နာဆုံးရှုံးမှုမဖြစ်စေရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ **မြင့်မောင်(မိုင်းဆတ်)**

## ပင်းတယမြို့နယ်၌ ပန်းခင်းစီမံချက် ၈၂ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီး

**ပင်းတယ ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးမှ တာဝန်ရှိသူများက သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးမှု ၈၂ ဒသမ ၁၆ ရာခိုင်နှုန်းအထိ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် ၁၃ ခုနှင့် ကျေးရွာအုပ်စု ၂၇ စုရှိ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျာထားလူဦးရေ ၅၄၄၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးမည်ဖြစ်ရာ ယနေ့အထိ လူဦးရေ ၄၄၇၇ ဦးအား ပြုလုပ်ပေးခဲ့ပြီး ဆောင်ရွက်ရန် ၉၇၂ ဦးသာ ကျန်ရှိသည့်အတွက် လုပ်ငန်း၏ ၈၂ ဒသမ ၁၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခြင်းဖြစ်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပင်းတယမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများအနေဖြင့် အခြေခံပညာကျောင်းများမှ အသက် ၁၆ နှစ်ပြည့်ပြီး မှတ်ပုံတင်မလုပ်ရသေးသည့် ကျောင်းသားကျောင်းသူ ၁၄၉ ဦးအား လိုအပ်သည့်အချက်အလက်များ စာရင်းကောက်ယူထားပြီး ဇန်နဝါရီ ၁၂ ရက်မှစတင်ကာ ကျောင်းများသို့ ကွင်းဆင်း၍ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်းလည်း မြို့နယ်ဦးစီးမှူး ဦးခင်မောင်ချိုထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အမ်းမြို့နယ်၌ ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**အမ်း ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လူပျိုချောင်းကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း၊ ဆူးပုတ်ပျဉ်းတောကျေးရွာ ရေပိုက်လဲလှယ်ခြင်း လုပ်ငန်းနှင့် ကံကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများအတွက် ပစ္စည်းများ စုဆောင်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကျောက်ဖြူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်သက်ဦး၊ ခရိုင်တာဝန်ခံ အင်ဂျင်နီယာ ဒေါ်ဆုလှဲ့ဝေနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၅ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။ ခရိုင်ဦးစီးမှူးသည် အမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်လည်း တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **အောင်လှဖြူ(ရမ်းဗြဲ)**

## စာဖတ်ပရိသတ်အား တောင်းပန်အပ်ပါသည်

၈-၁-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ -၂၁ တွင် ဆောင်းပါးရှင် **စာချစ်သူ** ၏ **"မက်လုံးတွေက ပျက်သုဉ်းဖို့ရာ"** ဆောင်းပါးအညွှန်း ပါရှိရမည့်အစား ဆောင်းပါးရှင် **မေယု-မျိုးအောင်(MANA)** ၏ ဆောင်းပါးအညွှန်း ပါရှိသွားသည့်အတွက် စာဖတ်ပရိသတ်များအား လေးစားစွာဖြင့် တောင်းပန်အပ်ပါသည်။

**စာတည်းအဖွဲ့**

*စာမျက်နှာ ၂၀ မှ*

ရာသီဥတုဖြစ်စဉ်များနှင့်အတူ ဖြစ်ပေါ်လာသည့် ပုံမှန်မဟုတ်သော ရေကြီးရေလျှံမှု ၊ မုန်တိုင်းဖြစ်ပေါ်မှုနှင့် အချို့ဒေသများတွင် ထူးခြားစွာ မိုးရေချိန်နည်းပါးခြင်း ၊ ဆည်တမံများ ၌ ရေအဝင်နည်းခြင်း စသည့်အခြေအနေများကို ရင်ဆိုင်လာရသည်။ ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် ရေလှောင်တမံများတွင် သောက်သုံးရေ တစ်မျိုးတည်းသာ ပေးဝေနိုင်ခဲ့ပြီး နွေစပါးစိုက်ပျိုးရေပေးဝေရန် မလုံလောက်မှုကြောင့် အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လာရသည်။

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲလာမှု၏ အကျိုးဆက်ကို သိသိသာသာခံစားနေရခြင်း၊ နိုင်ငံတစ်ဝန်းရှိ ရေဝေရေလဲဒေသများကို ထိန်းသိမ်းနိုင်စွမ်းမရှိခြင်းတို့ကြောင့် ရေအရင်းအမြစ်များ ဆုံးရှုံးပြီး နွေရာသီကာလ မရောက်မီကပင် မြစ်၊ ချောင်း၊ အင်းအိုင်များ ၊ ရေတွင်းရေကန်များ ခန်းခြောက်လာသည်။ ဆည်မြောင်း ၊ တာတမံများလည်း ရေနည်းပါးခြင်းနှင့် ရင်ဆိုင်လာရသည်။ လူဦးရေတိုးပွားလာမှုနှင့်အတူ မြို့ပြဖွံ့ဖြိုးလာခြင်း ၊ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် ကျေးရွာအခြေပြု စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာခြင်းတို့ကလည်း ရေအရင်းအမြစ်များ အလျင်အမြန်လျော့ပါးမှုကို တွန်းအားပေးလျက်ရှိသည်။

သောက်သုံးရေကန်မှ ရေရယူသုံးစွဲပုံစနစ် မမှန်ကန်ခြင်း ၊ သောက်သုံးရေကန် သန့်ရှင်းရေး သတိပေးချက်များကို မလိုက်နာခြင်း၊ သောက်သုံးရေကန် အနီးဝန်းကျင်၌ မိလ္လာ၊ အညစ်အကြေး နှင့် စွန့်ပစ်ပစ္စည်း၊ အမှိုက်ပုံတို့ ရှိနေခြင်း ၊ သောက်သုံးရေကန်များကို ရေရှည်ထိန်းသိမ်းပြုပြင်မှုမရှိခြင်း၊ ရေတွင်းတူးရန် မြေနေရာရွေးချယ်မှု မမှန်ကန်ခြင်းတို့ ပါဝင်သည်။ သောက်သုံးရေတွင်းဖြစ်စေရန် အညစ်အကြေးစွန့်ပစ်သောနေရာ၌ ပေ ၅၀ ဝေးကွာပြီး မြင့်သောအပိုင်းတွင် ရှိရမည် ဖြစ်သည်။ ရေဝပ်ရေလျှံသော နေရာကိုလည်း လုံးဝ မရွေးချယ်မိရန် အရေးကြီးသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သောက်သုံးရေ ရှားပါးမှု ဖြည့်ဆည်းရေးအတွက် ၂၀၂၀- ၂၀၂၁ မှ ၂၀၃၀-၂၀၃၁ အထိ ၁၀နှစ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ကို Pilot Project အဖြစ် အချက်အလက်များ ကွင်းဆင်းကောက်ယူရာ၌ မြေပြင်တွင် ကျေးရွာပေါင်း ၈၀ ထပ်တိုးသဖြင့် စုစုပေါင်းရွာ ၃၀၀ အထိ ရှိကြောင်း သိရသည်။

ကျေးလက်များတွင် သုံးရေအတွက် အဆင်ပြေမှုရှိသော်လည်း အဓိကလိုအပ်သည့် သောက်သုံးရေရှားပါးမှု ဖြည့်ဆည်းနိုင်ရေးအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး ယခု စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကတည်းက ပြင်ဆင်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် စတင် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ၂၀၃၁ ခုနှစ်တွင်တစ်နိုင်ငံလုံးရှိသောက်သုံးရေရှားပါးမှုကြုံတွေ့နေရသော ကျေးရွာများအားလုံးတွင် သန့်ရှင်းသော သောက်သုံးရေရရှိရန် ဆောင်ရွက်နေကြောင်း သိရသည်။

များမကြာမီ ပူပြင်းခြောက်သွေ့သော ရာသီရောက်ရှိလာမည်။ ရေသည် အသက်သွေးတမျှ အရေးကြီးသည်ကို မုချတွေ့ကြုံရပေမည်။ ရေသည် သက်ရှိသတ္တဝါများအတွက် အရေးပါဆုံးခေတ်ဖြစ်ပြီး ရေခေတ်မရှိပါက အသက်ရှင်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း နှောင့်နှေးစေသည်။ လူဦးရေတိုးတက်များပြားလာနေသော ယနေ့ကမ္ဘာကြီးတွင် ရေလိုအပ်ချက်သည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သကဲ့သို့ ကမ္ဘာကြီးတည်တံ့ခိုင်မြဲရေးနှင့် ရေအရင်းအမြစ်လုံခြုံမှုရှိရေးသည်လည်း အရေးကြီးသည်။ အစိုးရအနေဖြင့် ရေသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲနိုင်မည့် အမျိုးသားရေသယံဇာတ ဥပဒေတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို စနစ်တကျလုပ်ဆောင်ခြင်း၊ အများပြည်သူတို့ကလည်း ရေလေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် စနစ်တကျ အသုံးပြုခြင်းဖြင့် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းသင့်သည်။ ရေကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဟု မျှော်လင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# သာသနာတော်ကြီး နေလို လလို

မြင့်မောင်စိုး

ဤသတ္တလောကကြီး၌ မြတ်ဗုဒ္ဓဘုရားရှင်သည် သတ္တဝါခပင်း ဝေနေယျအပေါင်းတို့ မကောင်းမှုရှောင် ကောင်းမှုဆောင်လျက် ကောင်းကျိုးလိုရာအဖြာဖြာနှင့် ပြည့်စုံစေခြင်းငှာ အကြောင်းအကျိုး ထောက်ရှု၍ သာသနာတော်အနှစ်ငါးထောင် ထားတော်မူခဲ့လေ၏။ ထိုသာသနာတော်သည်ကား ယခုအခါ တစ်ဝက်ပင်ကျိုးလေပြီ။

သာသနာတော်ကြီး ဆက်လက်တိုးတက် စည်ပင်ပြန့်ပွားစေခြင်းငှာ အစိုးရမင်းအဆက်ဆက် ချီးမြှောက်တော်မူကြသဖြင့် သာသနာတော်၏ ရေသောက်မြစ်ကြီးသည် ကြီးထွားရှင်သန်ဖွံ့ဖြိုးလျက် အသီးအရွက်၊ အခက်အလက်တို့သည် ဝေဆာရှန်းမြ လှပနေဆဲပင်ဖြစ်ပါ၏။

ပြီးခဲ့သည့်ရက်ပိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အမိန့် ၁/၂၀၂၂ ကိုထုတ်ပြန်လျက် ဆရာတော်ကြီးများ၊ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့် ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ကြောင်း ကြေညာခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်များ

ဤတွင် ပြည်ပဘွဲ့ခံဆရာတော်ကြီးနှစ်ပါး အပါအဝင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၀ ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၉ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၃ ပါးနှင့် သီလရှင်ဆရာကြီး သုံးပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၉ ပါးနှင့် သီလရှင်ဆရာကြီး ခုနစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ၂၁ ပါးနှင့် သီလရှင်ဆရာကြီး ၁၈ ပါး ဖြစ်ပါသည်။


ထို့ပြင်တဝ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်တွင် ပြည်တွင်းဘွဲ့ခံဆရာတော် သုံးပါးနှင့် ပြည်ပဘွဲ့ခံဆရာတော် တစ်ပါး ဖြစ်ပါသည်။ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်မှာ ခြောက်ပါးဖြစ်သည်။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်မှာ ရှစ်ပါးဖြစ်ပါသည်။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရေအတွက်မှာ များပါသည်။ စုစုပေါင်း ပြည်ပဘွဲ့ခံဆရာတော်ကြီးတစ်ပါး အပါအဝင် ၄၁ ပါး ဖြစ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်တွင်မူ ဆရာတော်ကြီး ၅၅ ပါး၊ သီလရှင်ဆရာကြီးခြောက်ပါး၊ လူပုဂ္ဂိုလ်သုံးဦးဖြစ်ပါသည်။ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်တွင် ဆရာတော်ကြီး ၄၂ ပါးနှင့် သီလရှင်ဆရာကြီး ခုနစ်ပါးအပြင် လူပုဂ္ဂိုလ် ခြောက်ဦး ပါဝင်ပါသည်။ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်တွင် ခြောက်ပါးဖြစ်ပါသည်။ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရဆရာတော် ၁၀ ပါး ဖြစ်ပါသည်။ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရဆရာတော် အရေအတွက်မှာလည်း စုစုပေါင်း ၁၀ ပါးပင် ဖြစ်ပါသည်။

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရသူ တစ်ဦးသာရှိပြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရသူ အမျိုးသမီးသုံးဦး ဖြစ်ပါသည်။

သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်ရသူ အမျိုးသားခြောက်ဦးဖြစ်ပြီး သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရ အမျိုးသမီးနှစ်ဦး ဖြစ်ပါသည်။ သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရသူ အမျိုးသား သုံးဦးဖြစ်ပြီး သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ အမျိုးသမီး လေးဦးဖြစ်ပါသည်။

ဤကား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များပင် ဖြစ်ပါသည်။ သာသနာတော်ကြီး အဓွန့်ရှည်ကြာစွာ ပြန့်ပွားရေးအတွက် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် အလှူအတန်းများစွာ ဆောင်ရွက်သော လူပုဂ္ဂိုလ်များအား ဆက်ကပ်လှူဒါန်းပေးအပ်သော ဘွဲ့များပင်ဖြစ်ပါသည်။ ဤသို့ သာသနာသုံးရပ် ရှင်သန်ဖွံ့ဖြိုးအောင်ဆောင်ရွက်နေသကဲ့သို့ ပရိယတ္တိစာပေကျမ်းဂန် သင်အံလေ့ကျင့်အားထုတ်တော်မူသော သုတဗုဒ္ဓဟုဆိုအပ်သည့်ဆရာတော် သံဃာတော်များလည်း များစွာရှိပါသည်။



(၇၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲတွင် သံဃာတော်များ ဖြေဆိုနေစဉ်

**မြတ်စွာဘုရားရှင် ထားတော်မူခဲ့သည့် သာသနာတော်ကြီး နေလို လလို ထွန်းပစေခြင်းငှာ အပိုင်းသုံးပိုင်း ပါဝင်နေသည်ကို တွေ့ရပေသည်။ ချီးမြှင့်ထောက်ပံ့ရမည့် နိုင်ငံတော်အပိုင်း၊ ပရိယတ္တိ ပဋိပတ္တိ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြသော ဆရာတော်သံဃာတော်များအပိုင်း၊ လှူဒါန်းထောက်ပံ့ကြသော ဒါယကာ ဒါယိကာမများအပိုင်းဟူ၍ ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်ကလည်း သာသနာတော်ကြီးကို ရဟန်းတော်များက ဓမ္မာနုဂ္ဂဟတရားဖြင့် ချီးမြှောက်ကြရန်၊ ဒါယကာ ဒါယိကာမများက အာမိသာနုဂ္ဂဟ ပစ္စည်းဖြင့်ချီးမြှောက်ကြရန် တာဝန်ပေးဝေတော်မူခဲ့ပါသည်**

### တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲ

ယခုအခါ ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားရာ မြန်မာနိုင်ငံတွင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး(သဘောရေးဖြေ) စာမေးပွဲကြီး ကျင်းပလာခဲ့သည်မှာ (၇၄)ကြိမ်မြောက်ပင် ရှိချေပြီ။ ထိုစာမေးပွဲကြီးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ ဆရာတော်ကြီးများဦးဆောင်ပြီး ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ဇန်နဝါရီ ၅ ရက်မှစတင်ကာ ၉ ရက်အထိ ငါးရက်တိုင်အောင် ကျင်းပလျက်ရှိကြောင်း၊ ဝင်ရောက်ဖြေဆိုသော သံဃာတော် ၁၉၂ ပါးရှိကြောင်း သိရပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကိုရရန် အလွန်ခက်ခဲပါသည်။ တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲသည် ကမ္ဘာပေါ်တွင် ရက်အကြာဆုံးစာမေးပွဲတစ်ခု ဖြစ်သကဲ့သို့ အောင်မြင်ရန်လည်း အလွန်ခက်ခဲသည့် စာမေးပွဲတစ်ခုဖြစ်ကြောင်း သိရပါသည်။

စာမေးပွဲကိုဖြေရန် ဘုရားရှင်ဟောသည့် ပါဠိတော်များထဲမှ စာအုပ်ပေါင်း လေးဆယ်ခန့်နှင့် ကျမ်းပေါင်း ၅၄ ကျမ်းကို လေ့လာရကြောင်း၊ စာမျက်နှာပေါင်း ၁၆၇၅၅ မျက်နှာကို လေ့လာရပြီး အဋ္ဌကထာ ၅၁ အုပ်ကိုလည်း အလွတ်ကျက်မှတ်ရကြောင်း၊ ဋီကာ ၂၆ ဋီကာကိုလည်း လေ့လာကျက်မှတ်ရကြောင်း မှတ်သားသိရှိရပါသည်။ အုပ်ရေအားဖြင့် ၂၀၊ စာမျက်နှာပေါင်း ၈၀၈၀ ရှိသည့် ပါဠိတော်ကြီးကို အာဂုံပြန်ဆိုနိုင်ရုံမက သဘောရေးဖြေ အောင်မြင်မှသာ တိပိဋကကောဝိဒဘွဲ့ကို ရပါသည်။

မြန်မာနိုင်ငံတွင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ ရရှိသော ဆရာတော် ၁၃ ပါးသာ ရှိသေးကြောင်း၊ တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ကို ၁၉၄၇ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ် ပထမအကြိမ် တိပိဋက ရေးဖြေစာမေးပွဲကြီး၌ ခြောက်ပါးဝင်ရောက်ဖြေဆိုရာ တစ်ပါးမှ အောင်မြင်မှုမရှိကြောင်း၊ ၁၉၅၀ ပြည့်နှစ် တတိယအကြိမ် ငါးပါး ဝင်ရောက်ဖြေဆိုရာ အရှင်ဝိစိတ္တသာရတစ်ပါးသာ အာဂုံ ရေးဖြေ နှစ်ဌာနစလုံး အောင်မြင်တော်မူခဲ့ကြောင်း သိရပါသည်။

"သာသနဋ္ဌိတိယာ ပန ပရိယတ္တိ ပမာဏံ" သာသနာ တည်ဖို့ရန်မှာ ပရိယတ္တိသည် ပဓာနဖြစ်ကြောင်း၊ ဆရာတော် သံဃာတော်များ သင်ယူကျက်မှတ် လေ့လာအပ်သော ပရိယတ္တိသည် လူနတ်တို့၏ အကျိုးစီးပွား ချမ်းသာများရန် ဖြစ်သည့်အပြင် သာသနာတော် အရှည်ခံ့၍ တည်တံ့ခြင်း၏ ပဓာနဖြစ်ကြောင်း မှတ်သားသိရှိရပါသည်။

### နေလို လလို ထွန်းပနေဦးမည်

အချုပ်အားဖြင့်ဆိုရသော် မြတ်စွာဘုရားရှင် ထားတော်မူခဲ့သည့် သာသနာတော်ကြီး နေလို လလို ထွန်းပစေခြင်းငှာ အပိုင်း သုံးပိုင်း ပါဝင်နေသည်ကို တွေ့ရပေသည်။ ချီးမြှင့်ထောက်ပံ့ရမည့် နိုင်ငံတော်အပိုင်း၊ ပရိယတ္တိ ပဋိပတ္တိ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြသော ဆရာတော်သံဃာတော်များအပိုင်း၊ လှူဒါန်းထောက်ပံ့ကြသော ဒါယကာ ဒါယိကာမများအပိုင်းဟူ၍ ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်ကလည်း သာသနာတော်ကြီးကို ရဟန်းတော်များက ဓမ္မာနုဂ္ဂဟ တရားဖြင့် ချီးမြှောက်ကြရန်၊ ဒါယကာ ဒါယိကာမများက အာမိသာနုဂ္ဂဟ ပစ္စည်းဖြင့်ချီးမြှောက်ကြရန် တာဝန်ပေးဝေတော်မူခဲ့ပါသည်။

သို့ပါ၍ မြန်မာနိုင်ငံ၏ ထေရဝါဒသာသနာသည် သူ့အပိုင်းနှင့်သူ ညီညွတ်မျှတစွာ တက်ညီလက်ညီဆောင်ရွက်နေသမျှ ကာလပတ်လုံး နေလို လလို ထွန်းပနေဦးမည်ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏သာသနာသည် အနှစ် ငါးထောင်မက တည်ပါစေသား၊ တည်စေသား။ ။

## ယခုလတွင် ဝုဖ်ကွင်းလယ်ကစားသမား နီဗက်စ်ကို မန်ယူအသင်း ခေါ်ယူလို




မန်ယူအသင်းသည် ယခုလတွင် ဝုဖ်အသင်းမှ ရူဘင်နီဗက်စ်ကို ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၄ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား နီဗက်စ်သည် ဝုဖ်အသင်းနှင့် လက်ရှိချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ နှစ်နှစ်ကျန်ရှိနေသေးကြောင်း သိရသည်။

သို့သော်လည်း နီဗက်စ်အနေဖြင့် ချန်ပီယံလိဂ်တွင် ကစားချင်ကြောင်း ဖွင့်ဟဝန်ခံထားသည့်အတွက် အဆိုပါအပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရှိသည်။ မန်ယူအသင်းသည် ပေါ်တူဂီကစားသမား နီဗက်စ်ကို ပြီးခဲ့သည့်နွေရာသီကတည်းက စောင့်ကြည့်လေ့လာခဲ့ခြင်းဖြစ်ကာ ယခုလတွင် ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ မန်ယူအသင်းသည် နီဗက်စ်အတွက် ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်း ဝန်းကျင်ဖြင့် ကမ်းလှမ်းဖွယ်ရှိသော်လည်း ဝုဖ်အသင်းက ပေါင်သန်း ၄၀ အထက်ဖြင့်သာ လက်ခံစဉ်းစားဖွယ်ရှိနေသည်။

ကွင်းလယ်မှ မက်တွန်မီနေး၊ မာတစ်နှင့် ဖရက်တို့ ခြေစွမ်းပြသရန် ရုန်းကန်နေရသည့်အတွက် မန်ယူ ယာယီနည်းပြ ရန်းနစ်ခ်အနေဖြင့် ယခုလတွင် ကွင်းလယ်ကစားသမားသစ်တစ်ဦး ခေါ်ယူရန် ပြင်ဆင်နေခြင်း ဖြစ်သည်။ နီဗက်စ်သည် ၂၀၁၇ ခုနှစ်တွင် ပေါ်တိုအသင်းမှ ဝုဖ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၉၅ ပွဲ ပါဝင်ကစားထားကာ ၂၁ ဂိုးသွင်းယူပေးထားသည်။

မန်ယူအသင်းသည် ဇန်နဝါရီ ၄ ရက်က ဝုဖ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည့်အတွက် ပရီမီယာလိဂ် ၁၉ ပွဲကစားပြီး ၃၁ မှတ်ဖြင့် အဆင့် (၇) နေရာတွင် ရပ်တည်နေသည်။

**အောင်ဇော်**

## အာဂျင်တီးနား တင်းနင်းကစားသမား အာရက်ချ် ကစားပွဲအတွင်း မရိုးမသားပြုလုပ်မှုဖြင့် လေးနှစ်အပိတ်ခံရ

အာဂျင်တီးနား တင်းနစ်အားကစားသမား နီကိုးလပ် အာရက်ချ်မှာ ပြိုင်ပွဲတွင် မရိုးမသားယှဉ်ပြိုင်မှုဖြင့် လေးနှစ်ကစားခွင့်ပိတ်ခံရပြီး အမေရိကန်ဒေါ်လာ ၈၀၀၀ ဒဏ်ရိုက်ခံရသည်ဟု အပြည်ပြည်ဆိုင်ရာ တင်းနစ်စည်းကမ်းထိန်းသိမ်းရေး



အာဂျင်တီးနား တင်းနစ်အားကစားသမား နီကိုးလပ် အာရက်ချ်

အေဂျင်စီက ပြောသည်။ အသက် ၂၇နှစ်အရွယ် နီကိုးလပ်မှာ ၂၀၁၇ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်းပွဲများတွင် တင်းနစ်အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး အစီအစဉ်၏ စည်းကမ်းချက်များကိုချိုးဖောက်ခဲ့သည်ဟု ဖော်ပြထားသည်။

နီကိုးလပ်မှာ တင်းနစ်ပြိုင်ပွဲရလဒ်များကို ဖန်တီးရန် ကြိုးပမ်းမှုပြုလုပ်ခဲ့ပြီး ၎င်း၏ အပြုအမူများအတွက်အစီရင်ခံရန် ပျက်ကွက်ခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာ တင်းနစ် စည်းကမ်းထိန်းသိမ်းရေး အေဂျင်စီက ပြောသည်။ နီကိုးလပ်၏ အဆင့်သတ်မှတ်ချက်မှာ ၅၆၇ ဖြစ်ပြီး ၎င်းမှာ ပြီးခဲ့သည့်နှစ်ဧပြီလကတည်းက ယာယီအားဖြင့် ဆိုင်းငံ့ခံထားရခြင်း ဖြစ်သည်။ ၎င်းကို ၂၀၂၅ ခုနှစ်ဧပြီလအထိ ကစားခွင့်ပိတ်ပင်သွားမည်ဟု လန်ဒန်အခြေစိုက် အပြည်ပြည်ဆိုင်ရာ တင်းနစ် စည်းကမ်းထိန်းသိမ်းရေး အေဂျင်စီက ပြောသည်။

**အောင်**

## ဗိုင်းရပ်စ်ကူးစက်မှုများကြောင့် ဥရောပစကိတ်ချန်ပီယံ ပြင်သစ်ရေခဲစကိတ်စီးသမားများ နုတ်ထွက်

အိုလံပစ်ငွေတံဆိပ်ဆုရှင် ရေခဲပြင်စကိတ်အကသမားများ ဖြစ်သည့် ဂါဘရီရယ်လာ ပါပါဒါကစ်နှင့် ဆီဇာရွန်တို့သည် လာမည့်သီတင်းပတ်အတွင်း ပြုလုပ်မည့် ဥရောပစကိတ်ချန်ပီယံရှစ်ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ကြသည်ဟု ပြင်သစ်ရေခဲပြင်အားကစားအဖွဲ့ချုပ်က ဇန်နဝါရီ ၆ ရက်တွင် ပြောသည်။

ကျန်းမာရေး အခြေအနေများနှင့် တစ်ကမ္ဘာလုံးအနှံ့ ဖြစ်ပေါ်နေသည့် ကိုဗစ် -၁၉ အခြေအနေများကြောင့် ခရီးထွက်ရန် မသင့်တော်ကြောင်းနှင့် ကိုဗစ် -၁၉ ကူးစက်မည့်အန္တရာယ်များ ရှိနေသည့်အတွက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်တော့မည်မဟုတ်ဟု ပြင်သစ်ရေခဲပြင်အားကစားအဖွဲ့ချုပ်က ပြောသည်။ ယခုအဆင့်တွင် ဆေးစစ်မှုများ ပြုလုပ်ခြင်းဖြင့် ရောဂါကူးစက်ခံထားရသည်ဟု အဖြေထွက်ပါက ကြိုတင်ပြင်ဆင်မှုနှင့် အားကစားပွဲအတွင်း ပါဝင်ယှဉ်ပြိုင်မှုအတွက် သံသယများ ဖြစ်စေသည်ဟုလည်း အဖွဲ့ချုပ်က ပြောသည်။ ဂါဘရီရယ်လာ ပါပါဒါကစ်နှင့် ဆီဇာရွန်တို့မှာ ၂၀၁၅ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ငါးကြိမ်ဆက်တိုက် ဥရောပဆုတံဆိပ်များကိုရရှိခဲ့သည်။ ၎င်းတို့သည် ၂၀၂၀ ပြည့်နှစ်တွင် ရုရှားရေခဲအကသမားများဖြစ်သည့် ဆီနစ်ဆီနာနှင့် ကက်ဆာလာပေါ့ဗ်တို့ကို ရှုံးနိမ့်ခဲ့သည်။ **အောင်**




အိုလံပစ်ငွေတံဆိပ်ဆုရှင် ရေခဲပြင်အကသမားများဖြစ်သည့် ဂါဘရီရယ်လာ ပါပါဒါကစ်နှင့် ဆီဇာရွန်။

## ဆောင်းရာသီအားကစားပွဲတော်နဲ့ပတ်သက်ပြီး ခရီးစဉ်ပေါင်း သန်း ၃၀၀ ကျော်ရှိလာမည်ဟု ခန့်မှန်း

လာမယ့်ဆောင်းရာသီအားကစားပွဲတော်နဲ့ဆက်စပ်ပြီး တရုတ်လူမျိုးတွေဟာ ခရီးစဉ်ပေါင်း ၃၀၅ သန်းကျော်လောက် သွားလာဖွယ်ရှိနေကြောင်း ယဉ်ကျေးမှုနဲ့ ခရီးသွားဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ သိရပါတယ်။

အဆိုပါပမာဏဟာ လွန်ခဲ့တဲ့ ဆောင်းရာသီထက် ၂၀ ရာခိုင်နှုန်းတိုးလာတဲ့ ပမာဏဖြစ်ပါတယ်။ အဲဒီအစီအစဉ်ကတစ်ဆင့် တရုတ်ယွမ် ဘီလီယံ ၃၂၀ လောက်ရရှိမယ်လို့ ယဉ်ကျေးမှုနဲ့ ခရီးသွားဝန်ကြီးဌာနက ဆက်လက်ဖော်ပြခဲ့ပါတယ်။

လာမယ့်ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲဟာ ဆောင်းရာသီအားကစား ခရီးသွားကဏ္ဍကို အရှိန်အဟုန်နဲ့ တိုးမြှင့်ပေးနိုင်တယ်လို့ အဲဒီဌာနရဲ့ ကြေညာချက်မှာထပ်မံဖော်ပြထားပါတယ်။ **လင်းခေတ်ဆန်**

## လီဗာပူးအသင်းမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပိုဆိုးလာတဲ့အတွက် လေ့ကျင့်ရေးကွင်း ပိတ်

လက်ထောက်မန်နေဂျာ ပက်လီဂျန်ဒါ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိမှုနဲ့အတူ ကိုရိုနာဗိုင်းရပ်စ်ထပ်မံကူးစက်ဖြစ်ပွားမှုသတင်းများ ထွက်ပေါ်လာပြီးနောက် လီဗာပူးအသင်းဟာ သူ့ရဲ့ လေ့ကျင့်ရေးကွင်းကို ပိတ်ခဲ့ပါတယ်။ အဲဒီလိုလေ့ကျင့်ရေးကွင်းပိတ်လိုက်တဲ့အတွက် အာဆင်နယ်နဲ့ ကစားမယ့် လိဂ်ဖလားဆီမီးဖိုင်နယ်ပွဲစဉ်ကို မရေရာမှုတွေဖြစ်စေခဲ့ပါတယ်။

အသင်းမန်နေဂျာ ဂျာဂျန်ကလော့ပ်နဲ့ ကစားသမားသုံးယောက်ဖြစ်တဲ့ အလစ်ဆန်ဘက်ကာ၊ ဂျိုးမာတစ်နဲ့ ရောဘတ်တိုဖာမီနိုတို့ကို သီးသန့်ခွဲထားပါတယ်။

ချယ်ဆီးနဲ့ တနင်္ဂနွေနေ့က တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့တဲ့ပွဲမှာ အသင်းကို တာဝန်ယူခဲ့တဲ့ လီဂျန်ဒါက အင်္ဂါနေ့နှောင်းပိုင်းမှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

ဒါ့အပြင် လီဗာပူးမှာ တခြားပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စလေးတွေရှိနေသေးပါတယ်။ အဲဒါကတော့ အယ်လ်ကန်တာရာ၊ မီနာမီနို၊ အော်ရီဂီတို့ အားလုံး ဒဏ်ရာရခဲ့တာဖြစ်ပါတယ်။ **လင်းခေတ်ဆန်**



ကိုဗစ်-၁၉ ကူးစက်မှုဖြစ်နေသည့် လီဗာပူးလက်ထောက်မန်နေဂျာ ပက်လီဂျန်ဒါ

## ပွဲကြည့်ပရိသတ်ကန့်သတ်ချက်ကြောင့် အင်န်အိတ်ချ်အယ်လ် နောက်ထပ် ပြိုင်ပွဲနှစ်ခုကို ရွှေ့ဆိုင်း

ကနေဒါမှာ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ပွဲကြည့်ပရိသတ်ကန့်သတ်ချက်ရှိတဲ့အတွက် အင်န်အိတ်ချ်အယ်လ် (နေရှင်နယ်ဟော်ကီလိဂ်) ဟာ နောက်ထပ်ပြိုင်ပွဲနှစ်ခုကို ရွှေ့ဆိုင်းလိုက်ပါတယ်။

အော့တဝါဆီနိတ်တာနဲ့ အိမ်ရှင် ဗန်ကူပါးကာနက်စ်တို့အားပြိုင်မယ့် စနေနေ့ညပြိုင်ပွဲနဲ့ ဇန်နဝါရီ ၁၅ ရက်မှာကစားမယ့် အော့တဝါနဲ့ အိမ်ရှင် ဝင်နီပက်ဂျက်တို့ရဲ့ ပြိုင်ပွဲတွေကို ပြန်လည်စီစဉ်ရဦးမှာ ဖြစ်ပါတယ်။

အိုမီခရွန် ကိုရိုနာဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားမှုကြောင့် မိုးလုံလေလုံ အားကစားပြိုင်ပွဲတွေရဲ့ လူဦးရေကန့်သတ်ချက်ကို ကနေဒါမှာ လတ်တလော ကန့်သတ်ထားပါတယ်။ ဒီကန့်သတ်ချက်ကလည်း မြို့တစ်မြို့နဲ့တစ်မြို့ မတူညီနိုင်ပါဘူး။

ဗန်ကူပါးမြို့မှာ လာရောက်ကြည့်ရှုမယ့် ပွဲကြည့်ပရိသတ်ကို ၅၀ ရာခိုင်နှုန်းကန့်သတ်ထားသလို ဝင်နီပက်ပြည်နယ်မှာလည်း ၅၀ ရာခိုင်နှုန်းကန့်သတ်ထားပါတယ်။

ကမ္ဘာတစ်ဝန်း အိုမီခရွန် ကိုရိုနာဗိုင်းရပ်စ်လှိုင်းဂယက်အပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း သန်း ၃၀၀ ကျော်လာပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲက ပြောကြားထားပါတယ်။ **လင်းခေတ်ဆန်**

# မန္တလေးတိုင်းဒေသကြီး၌ ကြံများစတင်ခုတ်သိမ်းချိန်တွင် သကြားစက်ရုံများသို့ တိုက်ရိုက်ပို့စနစ်ဖြင့်ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၈**

ပြီးခဲ့သည့်ကြံရာသီက မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်နှစ်ခု၌ စိုက်ပျိုးထားရှိသည့် ကြံစိုက်ဧက ၂၅၂၂၅ ဧကမှ ကြံသီးနှံများကို စတင်ခုတ်သိမ်းနေပြီး လေလွင့်မှုမရှိစေရန် သကြားစက်ရုံများသို့ တိုက်ရိုက်ပို့စနစ်ဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကြံသီးနှံများကို ပြီးခဲ့သည့်ရာသီက မန္တလေးခရိုင်နှင့် ပြင်ဦးလွင်ခရိုင်တို့၌ စိုက်ပျိုးခဲ့ကြောင်း၊ ယင်းစိုက်ဧကများအနက် လက်ရှိအချိန်တွင် ဧက ၄၀၀၀ ကျော် ခုတ်သိမ်းနေကြောင်း၊ ခုတ်သိမ်းပြီး ရရှိလာသည့် ကြံများကို တိုင်းဒေသကြီးအတွင်း စက်ရုံနှစ်ရုံဖြစ်သော ဂရိတ်ဝေါစက်ရုံနှင့် မောင်းကုန်းသကြားစက်ရုံတို့သို့ ချိတ်ဆက် ပို့ဆောင်နေပြီဖြစ်ကြောင်း၊ သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကြံများကို စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်အစပ်တွင် တည်ရှိသည့် ဂရိတ်ဝေါဝေမာဟိုဒင်းစက်ရုံဆီသို့လည်း ချိတ်ဆက်ပို့ဆောင်ပေးလျက်ရှိကြောင်း၊ စက်ရုံများသည် ယခုလ ပထမပတ်မှ စတင်လည်ပတ်နေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခိုင်မိုမိုဇင်က ပြောသည်။

"ခုရာသီကတော့ ကြံတွေကိုစတင်ပြီး ခုတ်သိမ်းတဲ့ ရာသီပဲဖြစ်ပါတယ်။ စတင်ခုတ်သိမ်းနေတဲ့ ကြံတွေကို စက်ရုံတွေဆီ တိုက်ရိုက်အရောက်ပို့ စနစ်ကိုလည်း စက်ရုံတွေနဲ့ ကြိုတင်ချိတ်ဆက်ထားပြီး လုပ်ဆောင်နေပြီ ဖြစ်ပါတယ်။ ကြံသီးနှံဟာ အခြားသီးနှံတွေလို ရာသီသီးနှံ မဟုတ်ဘဲ တစ်နှစ်လုံးကို တစ်သီးတည်း စိုက်ပျိုးရတဲ့သီးနှံဖြစ်တာကြောင့် ကြံစိုက်တောင်သူတွေအတွက် ဈေးကွက်တွေ ခိုင်မာအောင်၊ ကြံခုတ်သိမ်းတဲ့အချိန်မှာ အလေအလွင့်နည်းပါးအောင် စက်ရုံတွေဆီကို ချက်ချင်းခုတ် ချက်ချင်းပို့အနေနဲ့ ကြံတွေရဲ့အရည်အသွေး မကျဆင်းဘဲ တောင်သူတွေရဲ့ဝင်ငွေ အပြည့်အဝ ရရှိစေဖို့အတွက် နည်းပညာပေးလုပ်ငန်းတွေလည်း လုပ်ဆောင်နေပါတယ်။ လက်ရှိ ခုတ်သိမ်းနေတာ ဧက ၄၀၀၀ ကျော် ခုတ်ပြီးပါပြီ။ ဖေဖော်ဝါရီလနဲ့ မတ်လဆိုရင် အားလုံးခုတ်သိမ်းပြီးဖြစ်ပါတယ်" ဟု ၎င်းကရှင်းပြသည်။

မန္တလေးခရိုင်နှင့် ပြင်ဦးလွင်ခရိုင်တို့၌ မြို့နယ်အလိုက် ကြံသီးနှံ စိုက်ပျိုးခဲ့မှုမှာ ပုသိမ်ကြီး၌ ဧက ၂၄၀၊ မတ္တရာ၌ ၁၈၅၈ ဧက၊ စဉ့်ကူး၌ ၇၄၆၅ ဧက၊ သပိတ်ကျင်း၌ ၅၂၁၆ ဧက၊ တကောင်း၌ ၁၀၄၄၆ ဧကတို့ဖြစ်ပြီး စုစုပေါင်း ကြံစိုက်ဧက ၂၅၂၂၅ ဧကဖြစ်ကြောင်း၊ လက်ရှိတွင် ဧက ၄၀၀၀ ကျော်ကို စတင်ခုတ်သိမ်းပြီးဖြစ်ကြောင်း၊ ကြံမျိုးများအနေဖြင့် အထွက်ကောင်းမျိုးနှင့် ဒေသမျိုး စုစုပေါင်း ၁၈ မျိုး စိုက်ပျိုးထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



မန္တလေးခရိုင်အတွင်းမှ ကြံစိုက်ခင်းတစ်ခင်း

# ငါးမွေးမြူရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ငါးမွေးမြူရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို မန္တလေးမြို့ရှိ ရေချိုငါးမွေးမြူရေး သုတေသနနှင့် တိုးချဲ့ပညာပေးရေး ဇုဟိုဌာနတွင် ဇန်နဝါရီ ၅ ရက်က ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူးများ၊ မြို့နယ်ဦးစီးဌာနမှူးများ၊ ငါးလုပ်ငန်းစခန်းတာဝန်ခံများနှင့် ဓာတ်ခွဲခန်းတာဝန်ခံများ တက်ရောက်ပြီး တိုင်းဒေသကြီးငါးလုပ်ငန်း ဦးစီးမှူး ဦးအောင်ညီတိုးက သုတေသနစာတမ်းများဖတ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးမျိုးခန့်ဇော်(လက်ထောက်ဦးစီးမှူး)က "ငါးကြင်းဖြူ ငါးသန်များအား မတူညီသောအစာပမာဏ ကျွေးခြင်းဖြင့် ကြီးထွားနှုန်းနှင့် ရှင်သန်နှုန်း တိုင်းတာခြင်း သုတေသနပြုစမ်းသပ်ခြင်း"စာတမ်း၊ ဦးထင်လင်းအောင်(လက်ထောက်ဦးစီးမှူး)က "ငါးပေါင်းမှုန့်အစား အဝေရာရွက်ကို တစ်ပိုင်းတစ်စ အစားထိုး ဖော်စပ်ကျွေးမွေးခြင်းဖြင့် အူးရီးယပ်စ်တီလားပီးယား၏ ကြီးထွားနှုန်းကို သုတေသနပြု စမ်းသပ်ခြင်း" စာတမ်းနှင့် "တိုင်းရင်းငါး ငါးသလဲထိုး ဆေးထိုးသားဖောက်ခြင်းနှင့် သန္ဓေသားဖွံ့ဖြိုးမှု အဆင့်ဆင့်အား သုတေသနပြုမှတ်တမ်းတင်ခြင်း"စာတမ်း၊ ဒေါက်တာဝါဝါဖူး(ဒုတိယဦးစီးမှူး)က "Nile tilapia (Oreochromis niloticus)၏ ကြီးထွားမှုအပေါ် အမျိုးမျိုးသော မတူညီသည့်အစာ ကျွေးခြင်းမရှိသောရက်များနှင့်အတူ အစာပြန်လည်ကျွေးသော စက်ဝန်းလည်ပတ်ပုံ (Cycle of Depri–vation and Re–feeding in the experiment)၏ အကျိုးသက်ရောက်မှုကို စမ်းသပ် သုတေသနပြုလုပ်ခြင်း"စာတမ်းများကို ဖတ်ကြား၍ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများနှင့် စခန်းတာဝန်ခံများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



# အတ္ထရံမြစ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေး ကွင်းဆင်းဆောင်ရွက်

**မော်လမြိုင် ဇန်နဝါရီ ၈**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်သည် ကျိုက်မရောမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ရဲတပ်ဖွဲ့ဝင်များအတူ အတ္ထရံမြစ်ကြောင်း တစ်လျှောက်ရှိ ရှင်စောပုရပ်၊ ဘိန်းဗျော၊ ပိန္နဲကုန်း၊ မုရောင်းရွာများတွင် တရားမဝင်ငါးဖမ်းဆီးမှုနှင့် တားမြစ်ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းခြင်းမရှိစေရေးအတွက် ဇန်နဝါရီ ၃ ရက်က ကွင်းဆင်းစစ်ဆေးပြီး ရေလုပ်သားများအား ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး ဟောပြောခဲ့သည်။

**သတင်းစဉ်**

# ကြာအင်းဆိပ်ကြီးမြို့နယ်၌ သံပရာသီးဈေးကောင်းရ

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၈**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း၌ ရာသီဥတုနှင့် သဘာဝရေမြေအခြေအနေအရ သံပရာပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး စိုက်ပျိုးဧကပေါင်း တစ်သောင်းကျော်ခန့်ရှိကြောင်းနှင့် တစ်နှစ်လျှင် မိုးရာသီနှင့် နွေရာသီ နှစ်ကြိမ် သံပရာသီးများ အများအပြားထွက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် ယခင်နှစ်များတွင် ကုန်စည်သယ်ဆောင်ရန် ခက်ခဲမှုနှင့် ဈေးနှုန်းရရှိမှုအပေါ် မူတည်၍ စိုက်ပျိုးထုတ်လုပ်မှု နည်းပါးခဲ့သော်လည်း ယခုအခါ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကုန်စည်သယ်ဆောင်မှု လွယ်ကူလာခြင်း၊ ဈေးနှုန်းကောင်းမွန်လာခြင်းကြောင့် သံပရာပင်စိုက်ပျိုးမှုမှာ ယခင်နှစ်များထက် များပြားလာလျက်ရှိသည်။

သံပရာသီးဈေးနှုန်းမှာ မိုးရာသီတွင် တစ်လုံးလျှင် လေးကျပ်မှ ငါးကျပ်ခန့်သာ ရရှိသော်လည်း လက်ရှိအချိန် နွေရာသီကာလတွင်မူ သံပရာသီး တစ်လုံးလျှင် သီးနှံဒိုင်ဈေး ၇၅ ကျပ်မှ ကျပ် ၈၀ အထိ ရရှိသလို လက်လီရောင်းချရာတွင် တစ်လုံးလျှင် ကျပ် ၁၀၀ ခန့်အထိ ဈေးရနေသဖြင့် သံပရာခြံရှင် တောင်သူများအနေဖြင့် ဝင်ငွေပိုမိုရရှိနေကြောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ သံပရာသီးများကို မော်လမြိုင်မြို့၊ ရန်ကုန်မြို့နှင့် အခြားမြို့များသို့ သွားရောက်ရောင်းချသလို လာရောက်ဝယ်ယူမှုများလည်းရှိကြောင်း သိရသည်။

**မျိုးမင်းဦး**



# သံတောင်ကြီးမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်နည်း ဆပ်ပြာချက်သင်တန်းဖွင့်လှစ်

**သံတောင်ကြီး ဇန်နဝါရီ ၈**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ထုတ်လုပ်နည်း ဆပ်ပြာချက်သင်တန်းကို အလယ်ချောင်းအထက်ကျေးရွာ ခန်းမဆောင်၌ ယနေ့ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးချမ်းငြိမ်းဝင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသားသင်တန်းသူများအနေဖြင့် သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များကို ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း အမှာစကားပြောကြားပြီး သင်တန်းနည်းပြ နော်မေဖလားဝါးက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားကာ သင်တန်းသူ သင်တန်းသားများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

သင်တန်းသို့ သံတောင်ကြီးမြို့နယ်အတွင်းရှိ အလယ်ချောင်းအထက်၊ အလယ်ချောင်းအောက်၊ ကော်ပတ်ခြံ၊ လဘက်အင်းဟောင်း၊ သစ်ခေါင်း၊ သာမိုးတောင်အောက်၊ သာမိုးတောင် အထက်၊ မြသာကုန်း၊ မိုင်းလွန်းအလယ်၊ မိုင်းလွန်အောက် ကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလ ၁၀ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**



# ကချင်ပြည်နယ်ဝန်ကြီးချုပ် (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့တွင် မနောအက စုပေါင်းကနိုင်ရေး ရုံးဝင်းအတွင်း မနောတိုင်စိုက်ထူမှု ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဇန်နဝါရီ ၈

**၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နေ့တွင် ကျရောက်မည့် (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ ကျင်းပရာတွင် မနောအက စုပေါင်းကနိုင်ရေးအတွက် ပြည်နယ်အစိုးရရုံးဝင်းအတွင်း မနောတိုင်စိုက်ထူခြင်းနှင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဇန်နဝါရီ ၇ ရက်က ကွင်းဆင်း စစ်ဆေးဆောင်ရွက်သည်။**



ကချင်ပြည်နယ်နေ့ အခမ်းအနားတွင် ကချင်တိုင်းရင်းသားတို့၏ ရိုးရာမနောအက စုပေါင်းဆင်နွှဲနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မနောအက ဦးဆောင်ကျင်းပရေးအဖွဲ့ဝင်များနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်း မနောတိုင်စိုက်ထူကြရာ(ယာပုံ) ရိုးရာအစဉ်အလာနှင့်အညီ သိက္ခာတော်ရဆရာတော်က ဆုတောင်းဆက်ကပ်ပေးပြီး မနောတိုင်ကို စိုက်ထူခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က မနောအက ဦးဆောင်ကျင်းပရေးအဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ၂၀၁၉-၂၀၂၀၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပြီးစီးခဲ့သည့် တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ရုံးသစ်ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထား ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် စီတာပူရပ်ကွက် မနောကွင်းအတွင်း ကချင်ပြည်နယ်နေ့အထိမ်းအမှတ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံပြီး ကောက်သစ်စားခြင်းအစီအစဉ် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ မနောအိမ်တော်နှင့် မဏ္ဍပ်ခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပြင်ဆင်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဘားအံမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ဘားအံ ဇန်နဝါရီ ၈**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ဘားအံပညာရေး ဒီဂရီကောလိပ်၏ သင်တန်းသူ ၂၀၀ ဆံ့ (၁၇၉ ပေ x ၃၆ ပေ) RCC လေးထပ် အိပ်ဆောင်တစ်ဆောင် ဆောက်လုပ်ခြင်း ပန္နတင်မင်္ဂလာကို ဇန်နဝါရီ ၈ ရက်က အဆိုပါ အဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။



အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ဘားအံပညာရေး ဒီဂရီကောလိပ် ဒုတိယကျောင်းအုပ်ကြီး ဒေါ်ခင်မြင့်လှိုင်တို့က မင်္ဂလာအချိန်တွင် တစ်ပြိုင်နက် ပန္နက်ရိုက်ခဲ့ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါအိပ်ဆောင်ကို ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ် မီနီဘတ်ဂျက်တွင် အဆောက်အဦ၏ ၂၅ ရာခိုင်နှုန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၆၁ ဒသမ ၅၂၄ သန်းဖြင့် လုပ်ငန်းစတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး၏ တန်ဖိုးမှာ ၁၀၂၉ ဒသမ ၆၀ သန်းဖြစ်ကာ မြန်မာတိုးတက်ချမ်းသာကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘားအံမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဘားအံမြို့နယ် လှာကာကျေးရွာ ရွာလယ်ဓမ္မာရုံ၌ နံနက် ၁၁ နာရီခန့်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ နိုင်ငံသားစိစစ်ရေး ကတ်ပြား ကွင်းဆင်း ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျုံမသွယ်ကျေးရွာအုပ်စုမှ ဒေသခံတိုင်းရင်းသားပြည်သူ ၆၆ ဦးကို နိုင်ငံသားစိစစ်ရေးကတ်များ လက်ဝယ်အရောက် ပေးအပ်သည်။(ဝဲပုံ)

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဘားအံမြို့နယ် ဦးစီးမှူးရုံးအနေဖြင့် ပန်းခင်းစီမံချက် ကာလအတွင်း ပြည်သူဦးရေ ၃၂၀၁၂ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးရန် လျာထားခဲ့ပြီး ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ နိုင်ငံသားစိစစ်ရေး ကတ်ပြားပြုလုပ်ရန် ထပ်မံကျန်ရှိသူများနှင့် အသက်ပြည့်မီလာမည့်သူများအား ပန်းခင်းစီမံချက်ဖြင့် ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

ပွဲအစပိုင်းမိနစ်များတွင် နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်ကစားမှုရှိခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ မန်စီးတီးအသင်းအနေဖြင့် ဆွင်ဒွန်းအသင်းကို ကစားကွက်သာ၊ ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းမှုအသာ၊ နည်းဗျူဟာအသာဖြင့် ကစားနိုင်ခဲ့သည်။ မန်စီးတီးအသင်းအတွက် ၁၄ မိနစ်တွင် အဖွင့်ဂိုး စတင်ရရှိခဲ့ပြီး ဆီးလ်ဗားက သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယဂိုးကို ပွဲချိန် ၂၈ မိနစ်တွင် ဂျီးဆပ်က သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် မန်စီးတီးအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဆွင်ဒွန်းအသင်းသည် ကစားအားတက်လာခြင်းမရှိဘဲ မန်စီးတီးအသင်း၏ ဖိအားပေးထိန်းချုပ်မှုကိုသာ ခံခဲ့ရသည်။ ပွဲချိန် ၅၉ မိနစ်တွင် မန်စီးတီးအသင်း တတိယဂိုးရရှိခဲ့ပြီး ဂန်ဒိုဂန်က သွင်းယူပေးနိုင်ခဲ့သည်။ ဆွင်ဒွန်းအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၇၈ မိနစ်တွင်ရရှိခဲ့ပြီး မက်ကာဒီက သွင်းယူပေးနိုင်ခဲ့သည်။ မန်စီးတီးအသင်းအတွက် စတုတ္ထဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် လူငယ်ကစားသမား ပဲလ်မာက သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် မန်စီးတီးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် ဆွင်ဒွန်းအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆွင်ဒွန်းအသင်းသည် ယနေ့ပွဲစဉ်တွင် မန်စီးတီးအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ငါးကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး ပြိုင်ဘက် မန်စီးတီးအသင်းက ဆွင်ဒွန်းအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ၂၃ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့သည်။

**အောင်ဇော်**

# ကျောက်တံတားမြို့နယ်၌ ပြည်သူများ လာရောက်အပန်းဖြေနိုင်ရန် အနုပညာလက်ရာဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၈**

ပြည်သူများ လာရောက်အပန်းဖြေနိုင်ရန်နှင့် ရေဆေးပန်းချီကားများ ကြည့်ရှုနိုင်ရန် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ် ၂၀၉ ပထမထပ် ၃၇ လမ်း အထက်ဘလောက်ရှိ ယနေ့ နံနက်က Hope Arts Space တွင် ဖွင့်လှစ်သည်။

"ဒီဖန်တီးမှုကို ကိုအောင်မျိုးမြင့်က စလုပ်တာ ဖြစ်ပါတယ်။ Hope Arts Space ဆိုမှ ပန်းချီပြပွဲလုပ်မယ်။ စတူဒီယိုလည်း လုပ်မယ်။ သီချင်းလည်း နားထောင်ကြမယ်။ ဓာတ်ပုံလည်း ရိုက်လို့ရမယ်။ ဒီမှာ အင်တာနက်လိုင်း လာသုံးရင်းလည်း အနားယူလို့ရမယ်။ ကော်ဖီလည်း သောက်လို့ရမယ်။ အဲဒီလိုပုံစံလေး လုပ်ထားတဲ့အတွက် အနုပညာနဲ့ ပတ်သက်ပြီးတော့ ရင်ပြင်လေးတစ်ခု သဘောနဲ့ နေရာလေး ဖန်တီးချင်တဲ့ အခင်းအကျင်းလေး လုပ်တဲ့အချိန်မှာ ပန်းချီဆရာ ငွေးဝဏ္ဏရှိန်က တစ်ကိုယ်တော် ပြချင်တယ်လို့ Hope Arts Space အဖွင့်အနေနဲ့ သူနဲ့လည်း တွဲဖြစ်လိုက်တာပါ" ဟု ပြပွဲတာဝန်ခံ ကိုသော်ကိုကို ကျော်က ပြောသည်။



ရေဆေးပန်းချီကားလက်ရာများကို အပန်းဖြေလာရောက်ကြည့်ရှုကြသည့် ပြည်သူများကို တွေ့ရစဉ်။

"အခုလို ကိုဗစ်အလွန်ကာလမှာ တစ်ကိုယ်တော် ပန်းချီပြပွဲ ပြသနိုင်ဖို့အတော် ကြိုးစားရေးဆွဲခဲ့ရပါတယ်။ ဒီပြပွဲမှာ ရေဆေးပန်းချီကား ၂၇ ကားကို ငါးရက်ကြာ ချိတ်ဆွဲပြသမှာ ဖြစ်ပါတယ်။ ကိုဗစ်အလွန်ကာလ ဖြစ်တဲ့အတွက် ပန်းချီဝါသနာရှင်တွေဟာ သိပ်အဆင်ပြေကြတာ မဟုတ်ပါဘူး။ ဒါ့ကြောင့် အမြတ်အစွန်းကို အဓိက မထားဘဲ အများစုဝယ်ယူ အားပေးနိုင်မယ့် သင့်တင့်တဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်" ဟု ပန်းချီဆရာ ငွေးဝဏ္ဏရှိန် က ပြောသည်။

အဆိုပါ ပန်းချီပြပွဲကိုဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ် အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ၂၀၂၁-၂၀၂၂ ခုနှစ် ဘုရားပွဲတော်ကာလအတွင်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရွှေဆိုင်းအရောင်းဌာနအတွက် ဂေါပကအဖွဲ့မှ (၁ ၁/၂"x ၁ ၁/၂")ပတ်လည်ရွှေဆိုင်း၊ ရာဆိုင်း (၃၀၀၀၀)ကို တင်ဒါစနစ်ဖြင့် ပထမအကြိမ်ဝယ်ယူမည်ဖြစ်ပါသည်။ ရွှေဆိုင်း တင်ဒါပေးသွင်းလိုသူများသည် ရွှေဆိုင်းပေးသွင်းခွင့် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများပူးတွဲလျက် ၈-၂-၂၀၂၂ရက် နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံး၊ ကင်မွန်းစခန်းသို့ လျှောက်ထားနိုင်ပါသည်-

- (က) စက်မှုလက်မှုလုပ်ငန်းလိုင်စင်ရှိရမည်။
- (ခ) လုပ်ငန်းမှတ်ပုံတင်ရှိရမည်။
- (ဂ) အခွန်စည်းကြပ်မှုအထောက်အထား တင်ပြရာတွင် အိမ်ထောင်ဦးစီး(သို့) ဇနီးတို့၏အမည်ပေါက်သာ ဖြစ်ရမည်။
- (ဃ) ရွှေဆိုင်းလုပ်ငန်းအတွက် ဝင်ငွေခွန်ဆောင်ပြီးကြောင်း ပြေစာကို ၂၀၁၇-၂၀၁၈ ခုနှစ်နှင့် ၂၀၁၈-၂၀၁၉ ခုနှစ် ဆောင်ပြီးကြောင်း ပြေစာမူရင်း/ မိတ္တူ(သို့မဟုတ်) **အခွန်ကင်းရှင်းကြောင်းထောက်ခံချက်** မူရင်းနှင့် မိတ္တူ တင်ပြရမည်။
- (င) (၁ ၁/၂"x ၁ ၁/၂")ပတ်လည်ရွှေဆိုင်း၊ ရာဆိုင်း (၁)ဆိုင်း နမူနာတင်ပြရမည်။
- (စ) အိမ်ထောင်စုစာရင်း မူရင်းတင်ပြရမည်။

၂။ လျှောက်လွှာတင်သွင်းထားသည့် လုပ်ငန်းရှင်များသည် ၁၀-၂-၂၀၂၂ရက် နံနက် ၁၀နာရီတွင် ဂေါပကအဖွဲ့ရုံး၊ ကင်မွန်း စခန်းသို့ လာရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**တင်ဒါကော်မတီ**
**ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့**

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အဝိုင်းကျေးရွာအုပ်စု၊ ပဲခူးမြို့ရှောင်လမ်းမေးတင်၊ အဝိုင်းရွာမကွင်း၊ ကွင်းအမှတ်(၆၅၃-ခ)၊ ဦးပိုင်အမှတ် (၁၀၃/၂)(၁၀၉/၂)(၁၀၈)(၁၀၀/၃)(၁၀၀/၂) ဧရိယာ အကျယ်အဝန်း ၁၂.၁၀ ဧကရှိ ပုံစံ (၃၀-၁၅/က)ထွက်ရှိထားသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၁၇-၉-၂၀၂၀ ရက်စွဲပါ အစည်းအဝေး အမှတ်စဉ်(၁၅/၂၀၂၀)ဆုံးဖြတ်ချက် အမှတ် ၈(င)အရ ဒေါ်သန်းသန်းမူ ၇/ပခန(နိုင်) ၁၆၉၉၈၀ အမည်ဖြင့် အခြားနည်းအသုံးပြုခွင့်ပုံစံ(၃၀-၁၅/က)ထွက်ရှိထားသည့် မြေကွက်ဖြစ်ပြီး ဒေါ်သန်းသန်းမူကိုယ်တိုင်မှ ၎င်းကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်း လာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညီမြာ(LL.B) အထက်တန်းရှေ့နေ(စဉ်- ၃၅၇၇၆)**
**အမှတ် (S-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၂၃၉၂၇ Honda Dream 125ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော်သူ ၃/ဘအန(နိုင်)၁၅၇၆၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၇၀၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဖိုလ်ဦး ၁၀/မလမ(နိုင်)၁၅၆၁၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7A/1950, Nissan Diesle CV46L, Truck (8x4)TS ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမျိုးမင်း ၁/မကန(နိုင်)၀၁၂၁၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၃၆၅၇ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၂၃၄၀၅, Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဦးအေးဝင်း ၆/လလန (နိုင်)၀၅၈၉၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/5132, Daihatsu, Hijet S 200P P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၉/သစန(နိုင်)၁၃၀၇၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

# ပဲခူးမြို့ ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် (ပထမအကြိမ်) ဆေးပဋ္ဌာန်းပူဇော်လှူဒါန်းပွဲကြီး

ပဲခူးတိုင်းဒေသကြီးနှင့်တကွပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ဘေးအန္တရာယ်ရန်အသွယ်သွယ်မှ မကပ်မရောက် ကင်းစင်လွင့်ပျောက်စေရန် နှင့် ဗုဒ္ဓသာသနာတော် ၏ အဆီအနှစ်ဖြစ်သော (မဟာပဋ္ဌာန်းအဘိဓမ္မာဒေသနာတော်ကြီး) နေရောင်လရောင်ပမာ ဝင်းပထွန်းတောက် ကောင်းကျိုးရောက်စေရန်ရည်သန်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ ဦးဆောင်လမ်းညွှန်မှုနှင့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဩဝါဒစရိယဆရာတော်ကြီးများကြီးမှူး၍ သံဃာတော်အရှင်သူမြတ်များမှ ပထမအကြိမ်မဟာဆေးပဋ္ဌာန်းပွဲရွတ်ဖတ် ပူဇော်လှူဒါန်းပွဲကြီးကို ဤစေတီတော်မြတ်ကြီး ရင်ပြင်အင်္ဂါထောင့်ရှိ ဘေဿဇ္ဇမုဒြာ လာဘမုနိဓမ္မဝတ်ရည် ဓမ္မာရုံတော်ကြီးတွင် ၁၃၈၃ခုနှစ်၊ ပြာသိုလဆန်း(၉)ရက်၊ (တနင်္လာနေ့) နံနက် (၉း၀၀)နာရီမှ ပြာသိုလပြည့် (တနင်္ဂနွေနေ့)တွင် နံနက် (၅း၀၀) နာရီ အထိ၊ ၂၀၂၂ခုနှစ်



ဇန်နဝါရီလ (၁၀)ရက်နေ့ နံနက် (၉း၀၀)နာရီမှ (၁၆)ရက်နေ့ နံနက် (၅)နာရီအထိ (၇) ရက် တိုင်တိုင်စဉ်ဆက်မပျက် ရွတ်ဖတ်ပူဇော်ပြီး ပြာသိုလပြည့် (တနင်္ဂနွေနေ့) (၁၆.၁.၂၀၂၂) ရက်နေ့ နေ့လည် (၁၂း၀၀) နာရီ အချိန်တွင် ဆေးပစ္စည်း များနှင့်ဒါတပ္ပဝတ္ထုအစုစုအား လှူဒါန်းပူဇော်မည်ဖြစ်ရာ ကြွရောက် ကြည်ညိုနာယူ နိုင်ကြပါရန်နှင့် ရွတ်ဖတ်ချီးမြှင့်တော်မူကြသည့် သံဃာတော်အရှင်သူမြတ်များအတွက် ဆွမ်း၊ခဲဖွယ်၊ဘောဇဉ်၊ ဒါတပ္ပဝတ္ထုအစုစုတို့ကိုလည်းလှူဒါန်းကုသိုလ်ပါဝင်တော်မူကြပါရန်လေးစားစွာ ဖိတ်ကြားနိုးဆော်အပ်ပါသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၂၄၂

| | | |
|---|---|---|
| ၁။ ဦးအောင်ရွှေ | နှင့် | ၁။ ဒေါ်ဝင်းဝင်းသန်း |
| ၂။ ဒေါ်ခင်သစ်လွင် | | ၂။ ဒေါ်ဝိုင်း |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ကံ့ကော်မြိုင် (၂)လမ်း၊ အမှတ် (၉၃)နေ အမှတ် (၂) တရားပြိုင်ဒေါ်ဝိုင်း (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ် စေ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက် (၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်း ရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်မင်းထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/8560, KIA K-2700, P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်သူရ ၁၄/ကခန(နိုင်)၀၉၈၇၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ သဝန်ငယ်ရပ်ကွက်၊ အကွက်ကြီးအမှတ် (၂/မဟာစည်)၊ ၉လမ်း၊ အမှတ် (၂၃၇)တွင် KOM (ကေအိုအမ်)အမည်ဖြင့် သောက်ရေသန့်လုပ်ငန်း၊ ရေသန့်ရေခဲ၊ အချိုရည်နှင့် ဆက်စပ်လုပ်ငန်းများအား အသုံးပြုထုတ်လုပ်ရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါအမည်ဖြင့် အသုံးပြုထုတ်လုပ်ရောင်းချမည်ကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်အုန်းမြင့်**
**၂/ဒမဆ(နိုင်)၀၀၂၆၉၁**
**ဖုန်း-၀၉-၂၅၄၀၃၇၇၉၅၊ ၀၉-၆၉၅၄၆၂၆၃၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာ၊ ကွင်းအမှတ် ၅၇၄၊ ကွင်းအမည်- ကျွန်းတောမြောက်၊ ဦးပိုင်အမှတ် N/၁၁၊ ဧရိယာ ၀ဒသမ ၃၇ ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင်ထံမှ စာချုပ်စာတမ်းနှင့် လွှဲပြောင်းရယူထားပြီး လက်ရှိ မိမိသာလျှင် တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နမ့် မိုးမိုးစံ ၁၂/အစန(နိုင်)၀၃၅၀၉၀ မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်စိုးမာအေးမှလည်း ဝယ်ယူရန်သဘောတူညီသည့်အလျောက် စရန်ငွေအဖြစ် ရောင်းဖိုးငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုင်ကြည်ကြည်မြိုင်(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၁၄၉/၂၀၁၈)**
**အမှတ် ၇၀၂/ခ၊ ရုံးပေါင်းစုံလမ်း၊ မြို့နယ်တရားရုံးရှေ့၊ မှော်ဘီမြို့**
**၀၉-၇၅၅၆၂၈၉၇၄**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၁၉၆ နှင့် ဆက်နွှယ်သည့် ၂၀၂၁ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၆၁ ။

| | | |
|---|---|---|
| ဒေါ်နန်းအေးဝတ်ရည်အောင် | နှင့် | ဦးကောင်းထက် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

အမှတ် 2D.516၊ နှင်းဆီလမ်းသွယ်-၂၊ Snow Garden အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် -၁၉၆ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်(၁၃၈၃ ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီ တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြတ်နိုင်ဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ပြောင်းလဲခေါ်ပါရန်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်နေ ဦးခင်အေး ၁၂/လမန(နိုင်)၀၉၆၁၈၈ ၏သား မောင်အောင်လှိုင်စိုးအား မောင်စိုင်းမင်းအောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၇၁၁၇၀၊ Honda Click -125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှဲ့လှဲ့ဝင်း ၆/လလန(နိုင်)၀၇၄၄၂၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၉၅၉၀၁၊ Honda Click -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးနိုင် ၁၁/ကဖန(နိုင်)၀၇၀၀၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြေညာချက်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၏ ၃-၂-၂၀၂၂ ရက်တွင် ဖွင့်လှစ်ရန် ကြေညာထားသည့် ၂၀၁၉-၂၀၂၀ပညာသင်နှစ် ပထမနှစ် သင်တန်း (ဒုတိယနှစ်ဝက်) ဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ ၂ ရပ်ကွက်၊ ကွင်းအမှတ် ၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ် (၄)၊ မြေကွက်အတွင်းမှ အမှတ် (ခ/၃၄) ဗိုလ်မိုးညိုလမ်း အမည်တွင်သည့် ပေ (၂၈x ၆၀) အကျယ်ရှိ ခြံမြေနှင့် ယင်းပေါ်ရှိ တစ်ထပ်တိုက် (၁)လုံး၊ ရေစက်၊ မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဦးအောင်ဖြူ ၆/မအရ(နိုင်) ၀၇၁၃၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)**
**ဖုန်း-၀၉- ၄၃၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၃၇၉၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

